# ကြေးမုံ The Mirror

၁၃၆၇ ခုနှစ်၊ နယုန်လဆန်း ၁၂ရက်၊ စနေနေ့၊ (18-6-2005)(၄၆၃၀)

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အစိုးရနည်းပညာကောလိပ်(ကျိုင်းတုံ) လက်တွေ့သင်ကြားခန်း၌ အဆင့်မြင့်နည်းပညာရပ်များ လက်တွေ့သင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

# နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအစီအမံများကို ရှမ်းပြည်နယ်မှာပင် စတင်ဆောင်ရွက်ပေးခဲ့

# ရှမ်းပြည်နယ်၏ နယ်စပ်ဒေသများ၌ မြို့ကြီးပြကြီးများ ပေါ်ထွန်းလာသည်အထိ စွမ်းဆောင်နိုင်ခဲ့ပြီ

# ဒေသခံလူငယ်များ အဆင့်မြင့်ပညာတတ်မြောက်မှု အမြင်ကျယ် အတွေးမှန်လာသည့်အလျောက် မိမိဒေသ၏ အနာဂတ်ကို အကောင်းဆုံးလမ်းကြောင်းမှန်ပေါ်တွင် တည်ဆောက်နိုင်စွမ်းရှိမည်

## ကျိုင်းတုံအစိုးရနည်းပညာကောလိပ် ပင်မအဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇွန် ၁၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ တည်ဆောက်ပြီးစီးသွားသည့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန စက်မှုနှင့် သက်မွေးပညာဦးစီးဌာန အစိုးရနည်းပညာကောလိပ်(ကျိုင်းတုံ) ပင်မအဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၆ရက် နံနက် ၈နာရီ ၁၅မိနစ်တွင် အဆိုပါ အစိုးရနည်းပညာကောလိပ်(ကျိုင်းတုံ)၌ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်အားပေးချီးမြှင့်ပြီး ကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍

အစိုးရ နည်းပညာကောလိပ် (ကျိုင်းတုံ) ပင်မအဆောက်အအုံသစ်ကြီးကို တွေ့မြင်ရစဉ်။

(သတင်းစဉ်)

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ
The Mirror
၁၈-၆-၂၀၀၅
(စနေနေ့)

# ပြည်ထောင်စုကြီးတစ်ရပ်လုံး ငြိမ်းချမ်းသာယာအောင်ကြိုးပမ်း ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ အရှည်တည်တံ့ရေး ဝိုင်းဝန်းထိန်းသိမ်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ပြည်နယ်နှင့် တိုင်း ၁၄ ခုတို့ဖြင့် ဖွဲ့စည်းဖြစ်တည်လျက် ပြည်ထောင်စုဖွား တိုင်းရင်းသားများ ပေါင်းစည်းနေထိုင်လျက်ရှိသော နိုင်ငံဖြစ်သည်။ ယင်းသို့ နယ်မြေဒေသအသီးသီးတွင် မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများအားလုံးကို ရေမြေချင်းဆက်ပြီး တပေါင်းတစည်းတည်း ဖြစ်လာစေရန်နှင့် လူနေမှုအဆင့် မြင့်မားလာစေရန် နိုင်ငံတော်က စီမံဖြည့်ဆည်းပေးနေသည်။

နယ်စပ်ဒေသများအပါအဝင် ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဖော်ဆောင်ရာတွင် အဓိကအရေးပါသည့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့တိုးတက်ကောင်းမွန်စေရန် လမ်းသစ်၊ တံတားသစ်များစွာကို တိုးချဲ့ဖောက်လုပ်တည်ဆောက်နေသည်။ လမ်းဟောင်း၊ တံတားဟောင်းများ အဆင့်မြှင့်တင်ဖောက်လုပ်ပြုပြင် တည်ဆောက်ထိန်းသိမ်းခြင်းများကို အရှိန်အဟုန်ဖြင့် လုပ်ဆောင်လျက်ရှိသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဆောင်ရွက်ခဲ့သည့် မိတ္ထီလာ-တောင်ကြီး- ကျိုင်းတုံ-တာချီလိတ် ပြည်ထောင်စုလမ်းမကြီး၏ တာကော-ကျိုင်းတုံ လမ်းပိုင်း (ကျိုင်းတုံပိုင်း) ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇွန်လ ၁၄ ရက်နေ့က ကျိုင်းတုံမြို့အဝင် ကျိုင်းဖောင်းကျေးရွာရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပခဲ့သည်။

အဆိုပါ တာကော-ကျိုင်းတုံလမ်းပိုင်း အဆင့်မြှင့်တင် ဖွင့်လှစ်သည့် အခမ်းအနားသို့ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ချီးမြှင့်ပြီး အမှာစကားပြောကြားရာတွင် **"ရှမ်းပြည်နယ်အရှေ့ပိုင်းအပါအဝင် ပြည်ထောင်စုကြီးတစ်ရပ်လုံး အစဉ်ထာဝရငြိမ်းချမ်းသာယာနေစေရန်နှင့် ရရှိဖြစ်ထွန်းပြီး ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ တိုးပွားဖွံ့ဖြိုးလာစေရန်အတွက် တိုင်းရင်းသားပြည်သူများအားလုံးက အပြုသဘော ကောင်းကျိုးချမ်းသာတရားများ ပွားစီးဖြစ်ထွန်းစေရအောင် ဆက်လက်ထိန်းသိမ်း စောင့်ရှောက်မြှင့်တင်ပေးကြပါ"** ဟူ၍ မှာကြားသွားသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)သည် နိုင်ငံတော်၏ အရှေ့ပိုင်း အစွန်အဖျား ဒေသတွင် တည်ရှိနေသဖြင့် ခေတ်အဆက်ဆက် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရသည်။ နိုင်ငံတော်အစိုးရက တိုင်းရင်းသားလူမျိုးအားလုံး၏ အကျိုးကိုရှေးရှုပြီး ဒေသတစ်ခုချင်း ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးအပါအဝင် ကဏ္ဍအလိုက် အခြေခံ အဆောက်အအုံများစွာကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။

သာဓကအားဖြင့် ကျိုင်းတုံမြို့သည် သံလွင်မြစ်၏ အရှေ့ဘက်ခြမ်းတွင် ထည်ထည်ဝါဝါ ဖွံ့ဖြိုးလာခဲ့ပြီဖြစ်သည်။ ခုတင် ၂၀၀ ဆံ့ဆေးရုံကြီး၊ ကျိုင်းတုံဒီဂရီကောလိပ်၊ အစိုးရကွန်ပျူတာကောလိပ်နှင့် အစိုးရနည်းပညာကောလိပ်တို့အပြင် ဂျက်လေယာဉ်များ ဆင်းသက်နိုင်သော အဆင့်မြင့်လေယာဉ်ကွင်းစသည့် ခေတ်မီမြို့ကြီးတစ်မြို့၏ အင်္ဂါရပ်များဖြင့် ပြည့်စုံနေကြောင်း တွေ့မြင်နေရသည်။

ယခုတစ်ဖန် ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ ကျိုင်းတုံမြို့နှင့် ရှမ်းပြည်နယ်တောင်ပိုင်းရှိ တောင်ကြီးမြို့တို့ကို ဆက်သွယ်ထားသည့် ပြည်ထောင်စုလမ်းမကြီးပေါ်မှ တာကော-မိုင်းပျဉ်း-ကျိုင်းတုံလမ်းပိုင်းကို ကတ္တရာလမ်းသစ်အဖြစ် အဆင့်မြှင့်တင် ဖွင့်လှစ်ပေးလိုက်ပြီဖြစ်ရာ ပြည်သူများလွယ်ကူစွာ ဆက်သွယ်သွားလာနိုင်ကြပြီဖြစ်သည်။

မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံလမ်းသည် မူလကရှိပြီးသားလမ်းဟောင်းဖြစ်သော်လည်း ကျောက်တောင်လမ်းကျဉ်းများ၊ သဲတောင်များ၊ ရေစီးသန်တောင်ကျချောင်းများရှိခဲ့၍ မော်တော်ယာဉ်များ ခက်ခက်ခဲခဲ သွားလာခဲ့ကြရသည်။ ယခုအခါ အဆိုပါလမ်းပိုင်းကို ကတ္တရာလမ်းသစ်အဖြစ် အဆင့်တိုးမြှင့်လိုက်သည့်အတွက် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ခရိုင်လေးခရိုင်၊ မြို့နယ် ၁၁ မြို့နယ်တို့မှ တိုင်းရင်းသားပြည်သူကိုးသိန်းကျော်တို့ အချိန်မရွေး လွယ်ကူစွာ ကူးသန်းသွားလာနိုင်ကြပြီဖြစ်သည်။

ယင်းကဲ့သို့ ရှမ်းပြည်နယ် အရှေ့ပိုင်းနှင့် တောင်ပိုင်း လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်လာသဖြင့် အနေဝေးခဲ့သော တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား ကူးလူးဆက်သွယ်မှု ပိုမိုများပြားလာပြီး တိုင်းရင်းသား ချစ်ကြည်ရေး ပိုမိုတိုးပွားလာသည့်အပြင် ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး ကဏ္ဍအလိုက် တိုးတက်မြင့်မားလာရေးကို အကျိုးပြုလျက်ရှိနေပြီဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က ရှမ်းပြည်နယ် အရှေ့ပိုင်းအပါအဝင် ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အခြေခံအဆောက်အအုံများစွာကို တိုးမြှင့်တည်ဆောက် ဖြည့်ဆည်းပေးလျက်ရှိသည်နှင့်အညီ တိုင်းရင်းသားပြည်သူ အားလုံးတို့က ပြည်ထောင်စုကြီးတစ်ရပ်လုံး ငြိမ်းချမ်းသာယာစေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းရင်း ရရှိဖြစ်ထွန်းပြီး ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ အရှည်သဖြင့် တည်တံ့စေရန် ဝိုင်းဝန်းထိန်းသိမ်း မြှင့်တင်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

**ပြည်သူ့သဘောထား**

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ရန်ကုန်တိုင်း မိုးစပါးလျာထားဧက ၁၂ သိန်း အပြည့်အဝစိုက်ပျိုးရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၁၇

**ရန်ကုန်တိုင်း မိုးစပါးလျာထားဧက ၁၂ သိန်း အပြည့်အဝစိုက်ပျိုးရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာကျေးရွာအနီးရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ရွှေနံ့သာသစ်ခွခြံ ရှင်းလင်းဆောင်၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက် အမှာစကားပြောကြားသည်။**

**အမှာစကားပြောကြား**

**ရန်ကုန်တိုင်း မိုးစပါးလျာထားဧက ၁၂ သိန်း အပြည့်အဝစိုက်ပျိုးရေး ညှိနှိုင်းအစည်းအဝေးတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

အစည်းအဝေးသို့ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင် မိုင် ၃၀ ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးဇုန်များမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မြင့်ကြည်နှင့် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ စိုက်ပျိုးရေး လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**စိုက်ပျိုးနိုင်**

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ အောင်မြင်စေရေးအတွက် လယ်ယာကဏ္ဍမှ ထုတ်လုပ်မှု မြင့်မားအောင် စိုက်ပျိုးရေးလုပ်ငန်းကို တိုးချဲ့ဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းအတွင်း မိုးစပါး လျာထားဧက ၁၂ သိန်း အပြည့်အဝ စိုက်ပျိုးနိုင်ရန် ဤအစည်းအဝေးကို ပြုလုပ်ရခြင်းဖြစ်ကြောင်း။

ယခုအခါ မိုးလည်းမှန်မှန်ရွာလာပြီး စိုက်ပျိုးရန် အသင့်ဖြစ်နေချိန်ဖြစ်၍ စပါးစိုက်ပျိုးနိုင်သည့် နေရာအားလုံးနေရာလပ်မကျန် စိုက်ပျိုးပြီး မိုးစပါးဧက ၁၂ သိန်းကျော်လွန်သည်အထိ ကြိုးပမ်းကြစေလိုကြောင်း၊ လိုအပ်သည်ကိုလည်း ဝိုင်းဝန်းကူညီဆောင်ရွက် ပေးသွားမှာဖြစ်ကြောင်း။

ထို့ပြင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင် မိုင် ၃၀ ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးဇုန်ကြီး ငါးဇုန်မှ ဧက ၇၀၀၀၀ ကျော်လည်း အပြည့် စိုက်ပျိုးကြရမှာဖြစ်ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍ မြင့်မားရန် အထောက်အကူပြုသည့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးအတွက် ဇုန်များအတွင်း ကုန်ထုတ်လမ်းများ ဖောက်လုပ် ခင်းကျင်းပေးလျက်ရှိရာ မင်္ဂလာဒုံမြို့နယ်ရှိ ရွှေနံ့သာကျေးရွာ၊ လှည်းကူးမြို့နယ်ရှိ ငွေနံ့သာကျေးရွာနှင့် မြို့ပတ်လမ်းတို့ကို ဆက်သွယ်ထားသည့် လမ်းမကြီးမှာလည်း ပြီးစီးနေပြီဖြစ်ကြောင်း။

ဆင်ဖုန်မြစ်ရေတင်စီမံကိန်းကြီး၏ အချို့လုပ်ငန်းများနှင့် Structure များကိုယခုမိုးရာသီကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်ထားခြင်းဖြင့် နွေစပါးစိုက်ပျိုးချိန်တွင် စိုက်ပျိုးရေ အချိန်မီ ရရှိနိုင်မှာဖြစ်ကြောင်း။

ယခုအခါ သစ်ခွစိုက်ပျိုးရေးလုပ်ငန်းမှ နိုင်ငံခြားဝင်ငွေရရှိနေပြီဖြစ်ရာ မိမိတို့တိုင်းအတွင်း သစ်ခွစိုက်ပျိုးဖြစ်ထွန်းနိုင်သည့် မြေနေရာနှင့် အခြေခံကောင်းများရှိပြီးဖြစ်၍ မြန်မာ့သစ်ခွ၊ ပြည်တွင်း၊ ပြည်ပ သစ်ခွမျိုးစုံနှင့် ဆေးဖက်ဝင်သစ်ခွများကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး စီမံဆောက်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ဇုန်(၁)တာဝန်ခံ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်၊ ဇုန်(၅) တာဝန်ခံ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါ၊ ဇုန်(၂) တာဝန်ခံကိုယ်စား ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မျိုးဝင်း၊ ဇုန်(၃)တာဝန်ခံကိုယ်စား ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြဲတိုင်းဆောင်နှင့် ဇုန်(၄) တာဝန်ခံကိုယ်စား သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းမြင့်တို့က ဇုန်များအတွင်းရှိမြို့နယ်၊ ကျေးရွာများအလိုက် မိုးစပါးစိုက်ပျိုးပြီးစီးမှု၊ ဟင်းသီးဟင်းရွက်နှင့် အခြားစီးပွားဖြစ်သီးနှံများ စိုက်ပျိုးလျက်ရှိသည့် အခြေအနေ၊ မိုးစပါးပန်းတိုင်အထွက်နှုန်း ရရှိစေရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ရန်ကုန်တိုင်းအတွင်း စိုက်ပျိုးရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ လမ်းများ ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက မိုးစပါးလျာထားဧက ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ စိုက်ပျိုးရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ လျှပ်စစ်မြစ်ရေတင် စီမံကိန်းအတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိစေရေး စီမံဆောင်ရွက်သွားမည့် အခြေအနေ၊ သစ်ခွမျိုးစုံနှင့် ဆေးဖက်ဝင်သစ်ခွများ စုဆောင်းစိုက်ပျိုးထားရှိမှု အခြေအနေနှင့် သစ်ခွဇုန်အတွင်း တယ်လီဖုန်းတပ်ဆင်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့အောင်မြင်ဖြစ်ထွန်းစေရေးနှင့် သစ်ခွပိုမို တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ရန်ကုန်အမှတ်(၁)လမ်း၊ အမှတ်(၂)လမ်းနှင့် အမှတ်(၃)လမ်းတို့ကို ဆက်သွယ်ထားသည့် အရှည်၁၂မိုင်၊ အကျယ်၁၈ပေရှိ မြို့ပတ်လမ်းကို ကတ္တရာလမ်း အဆင့် တိုးမြှင့်ခင်းကျင်းလျက်ရှိသည့် လုပ်ငန်းခွင်သို့ ရောက်ရှိလာရာ ယာယီရှင်းလင်းဆောင်၌ တိုင်းအင်ဂျင်နီယာမှူးကြီး ဦးညွှန့်မောင်စန်းက မြို့ပတ်လမ်းကို အရှည် ၁၀မိုင် နှစ်ဖာလုံခွဲ ကတ္တရာခင်းကျင်းပြီးစီးမှုနှင့် ကျန်တစ်မိုင် ခြောက်ဖာလုံ ကျောက်ချောလမ်းခင်းကျင်းပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ပံ့ပိုးဖြည့်ဆည်း**

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက မိုးရာသီကုန်သည်နှင့် ကျောက်ချောလမ်း တစ်မိုင် ခြောက်ဖာလုံကို ကတ္တရာအမြန်ခင်းရန် မှာကြားပြီး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် မြို့ပတ်လမ်း ကတ္တရာ ခင်းကျင်းပြီးစီးမှုနှင့် လမ်းဘေးဝဲ/ယာတစ်လျှောက် စက်ယန္တရားဖြင့် ရေနုတ်မြောင်း တူးဖော်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ (သတင်းစဉ်)

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်အား မလေးရှားနိုင်ငံ Lumber Mart International မှ Chairman Dato' Mukhriz Bin Tun Mahathir လာရောက် တွေ့ဆုံစဉ်။ (သစ်တောရေးရာ)

# သစ်တောဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်အား မလေးရှားနိုင်ငံမှဧည့်သည်အဖွဲ့ တွေ့ဆုံ

**ရန်ကုန် ဇွန် ၁၇**

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်အား ဇွန် ၁၅ရက် ညနေ ၅နာရီတွင် ရန်ကုန်မြို့ပြည်လမ်း အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာနရှိ ဧည့်ခန်းမသို့ မလေးရှားနိုင်ငံ Lumber Mart International မှ Chairman Dato' Mukhriz Bin Tun Mahathir နှင့်အဖွဲ့ လာရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် သစ်တောရေးရာဝန်ကြီးဌာနအောက်ရှိဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

# အသံမစဲပဋ္ဌာန်းဒေသနာ ရွတ်ဖတ်ပူဇော်မည်

**ရန်ကုန် ဇွန် ၁၇**

ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ဓမ္မာရုံတွင် အသံမစဲမဟာပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်ဥက္ကဋ္ဌများ၊ မဟာသိမ်တော်ကြီးဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တကုမာရ (အဂ္ဂမဟာပဏ္ဍိတ)ထံမှ ငါးပါးသီလနှင့် ဩဝါဒကထာ ကြားနာပြီး အသံမစဲ ပဋ္ဌာန်းဒေသနာကို စတင်ရွတ်ဖတ်ပူဇော်ကြသည်။ (၂၃)

# ဇူလိုင် ၃ ရက် မြန်မာအမျိုးသမီးများနေ့

☆ မြန်မာအမျိုးသမီးများ၊ ပေါင်းစည်းအားကို
ထင်ရှား မြေမိုး၊ သက်သေနှိုးသို့
မိုးပန်းပွင့်လှိုင်၊ အေးချမ်းမြိုင်သည်
ဇူလိုင် ၃ရက် ထိုနေ့တည်း။

☆ တစ်ဦးချင်းကို၊ ဂုဏ်ပြုလို၍
ထိုသို့ ဆုံးဖြတ်၊ ဖြစ်တည်အပ်ဟု
သတ်မှတ်ခဲ့သည် မဟုတ်ချေ။

☆ တစ်ယောက်တည်းက၊ ထူးချွန်လှ၍
စံပြသရုပ်၊ ဟန်ပြထုတ်ကာ
သမုတ်ခဲ့သည် မဟုတ်ချေ။

☆ ချီးမွမ်းခြေကျောက်၊ ဘေးကမြှောက်၍
သွေးရောက်နားထင်၊ စိတ်ကြီးဝင်ကာ
တီထွင်ခဲ့သည် မဟုတ်ချေ။

☆ ဤမြေကမ္ဘာ၊ ကျယ်ဝန်းစွာဝယ်
မြန်မာတို့အရေး၊ မြန်မာတို့တွေးအံ့
ဘေးစကားမယုံ၊ သွေးစကားယုံအံ့
ကိုယ့်ဂုဏ်ကိုယ်မြှင့်၊ လူမျိုးတင့်အံ့
တွေးချင့်ပိုင်ပိုင်၊ လက်တွဲခိုင်အံ့
နိုင်ငံနှင့်လူမျိုး၊ အလှတိုးအောင်
အမျိုးသမီးဘဝ၊ ဖွံ့ဖြိုးရအောင်
ကဏ္ဍစုံတွင်၊ အလှဆင်သည်
ပြည်ခွင်မြန်မာ သာရေးတည်း။

☆ ဩော်...မြန်မာအမျိုးသမီးများ၊ ပေါင်းစည်းအားကို
ထင်ရှားမြေမိုး၊ သက်သေနှိုးသို့
မိုးပန်းပွင့်လှိုင်၊ အေးချမ်းမြိုင်သည်
ဇူလိုင် ၃ ရက် ထိုနေ့တည်း။ ။

[၂၀၀၅ခုနှစ်၊ ဇူလိုင်လ (၃)ရက် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆို ဂုဏ်ပြုလျက်...]

**ခိုးမိုး(ပုသိမ်)**

# မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြု ရောင်စုံဓာတ်ပုံပြိုင်ပွဲ ယှဉ်ပြိုင်ရန်ဖိတ်ခေါ်

**ရန်ကုန် ဇွန် ၁၇**

၂၀၀၅ခုနှစ် ဇူလိုင် (၃) ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို **"မြတ်နိုးဖွယ်ရာ မေမြန်မာ"** ခေါင်းစဉ်ဖြင့် ရိုက်ကူးယှဉ်ပြိုင်ရန်ဖိတ်ခေါ်ပါသည်။ ရိုက်ကူးယှဉ်ပြိုင်ရမည့် အကြောင်းအရာမှာ တိုင်းရင်းသူ မြန်မာအမျိုးသမီးများ၏ တာဝန်ကျေပွန်မှု၊ ဘာသာတရားကိုင်းရှိုင်းမှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ အရည်အသွေးပြည့်ဝမှု အစရှိသော ဂုဏ်သိက္ခာအရည်အချင်းတို့ကို ဖော်ညွှန်းရိုက်ကူးထားသော ဓာတ်ပုံများကို ပါဝင်ယှဉ်ပြိုင်ကြရန်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ (၁၀လက်မx၁၄လက်မ) တစ်မျိုးတည်း ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ တင်သွင်းယှဉ်ပြိုင်နိုင်သည်။ မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်သည်။ ဆုကြေးများကို ထိုက်ထိုက်တန်တန် ချီးမြှင့်မည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဇွန် ၂၈ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ဦးကျော်ဇင်ဦး၊ ညွှန်ကြားရေးမှူး၊ ထုတ်လုပ်ရေးဌာနခွဲ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ပေးပို့ရမည်။ အသေးစိတ်အချက်အလက်များကို ဦးကျော်ဇင်ဦး (ဖုန်း-၃၇၁၃၄၂၊ ၃၇၁၃၄၀)နှင့် မြန်မာနိုင်ငံဓာတ်ပုံအသင်းဥက္ကဋ္ဌ မန်းတက္ကသိုလ် နေမျိုးဝင်း (ဖုန်း-၃၇၃၁၆၇) တို့ထံ စုံစမ်းမေးမြန်းနိုင်သည်။ (သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ပြင်သစ်နိုင်ငံ ပါရီမြို့မှ Mr. Diamani ၏ ကိုယ်စား မိသားတစ်စုက အက်ဖ်အီးစီ ၅၄၀ကို အတွင်းရေးမှူး ဦးစိုးမြတ်အောင်နှင့် အဖွဲ့ဝင် ဦးမျိုးခင်တို့ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရာသက်ပန်အသင်းဝင် လသာမြို့နယ် ပညာရေးမှူး ဒေါ်ခင်လေးတင့်၏ မွေးနေ့အထိမ်းအမှတ်အဖြစ် လသာမြို့နယ် အမက(၂)နှင့် အမက(၃)မှ ကျောင်းသူ၊ကျောင်းသားကလေးများအား အာဟာရတိုက်ကျွေးစဉ်။(က-ပ)

## MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

**၁၈-၆-၂၀၀၅ (စနေနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo' ယနေ့အစီအစဉ် |
| ၇း၀၅ | တေးဂီတအစီအစဉ် |
| ၇း၁၀ | သွားသွားလာလာကိုပါရာ (ရွှေနန်းတော်သို့သွားရောက်လေ့လာခြင်း) |
| ၇း၂၅ | တေးဂီတအစီအစဉ် |
| ၇း၃၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၇း၃၅ | ပင်စင်နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများအရ လုပ်ငန်းတာဝန်ဆောင်ရွက်ချက်များ |
| ၇း၅၀ | မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများအကြောင်းသိကောင်းစရာ |
| ၈း၅၅ | တေးဂီတအစီအစဉ် |
| ၉း၀၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၀၅ | ကျွဲနွားခွာနာလျှာနာရောဂါကာကွယ်ပေးပါ |
| ၉း၁၀ | တေးဂီတအစီအစဉ် |
| ၉း၁၅ | UEFA Stories Euro 1988 |
| ၉း၃၅ | တေးဂီတအစီအစဉ် |
| ၉း၄၀ | ငွေတောင်သူတို့ရိုးရာဂျပ်ခုတ်အထည်ရတနာ |
| ၉း၅၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၅၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၀၀ | တေးဂီတအစီအစဉ် |
| ၁၀း၀၅ | ရှုချင်စရာမျက်လှည့်ပဒေသာ |
| ၁၀း၁၅ | တေးဂီတအစီအစဉ် |
| ၁၀း၂၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၂၅ | ပိုးသတ်ဆေးဥပဒေအကြောင်းသိကောင်းစရာ |
| ၁၀း၄၀ | တေးဂီတအစီအစဉ် |
| ၁၀း၄၅ | မိခင်လောင်းများအတွက်အာဟာရ |
| ၁၁း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ (၄) နာရီစာ အစီအစဉ်များကို ည (၂၃း၀၀)နာရီအထိ (၄) ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

# အလုပ်ရုံဆွေးနွေးပွဲမှ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဇွန် ၁၇**

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ညွှန်ကြားရေးမှူး (သတင်း) ဦးဝင်းတင်သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဇွန် ၁၃ရက်မှ ၁၆ရက်အထိကျင်းပခဲ့သည့် သဘာဝ ဘေးအန္တရာယ် လျော့နည်းရေးနှင့် ကြိုတင်ကာကွယ်ရေး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ တာဝန်ရှိသူများ၊ မိသားစုများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ (သတင်းစဉ်)

## ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ရွာမည်။ ရွာရန်ရာနှုန်း (၈၀)ဖြစ်သည်။

၂၀၀၅ ခုနှစ်၊ ဇူလိုင်လ (၃) ရက်
မြန်မာအမျိုးသမီးများနေ့
အမျိုးသမီးဘဝ ဖွံ့ဖြိုးဖို့
ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်စို့

# ရုရှားနိုင်ငံ အင်အားခိုင်မာတောင့်တင်းရေး သမ္မတပူတင်တိုက်တွန်း စီးပွားရေး၊ သိပ္ပံနှင့်စက်မှုလုပ်ငန်းကဏ္ဍများ မြှင့်တင်

မော်စကို ဇွန် ၁၆

**ရုရှားနိုင်ငံသည် စီးပွားရေး၊ သိပ္ပံနှင့်စက်မှုလုပ်ငန်း နယ်ပယ်ကဏ္ဍတို့ မြှင့်တင်နိုင်စေမည့် အထူးလုပ်ငန်းများကို ကိုင်တွယ်ဆောင်ရွက်နိုင်စွမ်းရှိကြောင်း၊ ရုရှားပြည်သူများသည် ကြွယ်ဝချမ်းသာခြင်း၊ လွတ်လပ်ခြင်း၊ အင်အားကြီးမားခြင်းနှင့် ဩဇာတိက္ကမကြီးမားခြင်းတို့နှင့် ပြည့်စုံသောနိုင်ငံတော်အဖြစ် ရုရှားနိုင်ငံ ရပ်တည်လာနိုင်စေရန် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း "ရုရှားနိုင်ငံတော်နေ့" အဖြစ် ကျင်းပသော ဧည့်ခံပွဲတစ်ရပ်တွင် သမ္မတဗလာဒီမာပူတင်က ပြောကြားသည်။**

ရုရှားနိုင်ငံ၏စီးပွားရေးကို ခေတ်မီတိုးတက်စေခြင်း၊ သိပ္ပံနှင့်ပညာရေးတို့နှင့် ပတ်သက်သောအစိုးရ၏ သဘောထားရပ်တည်ချက် ပြောင်းလဲလာခြင်း၊ စက်မှုလုပ်ငန်းနှင့် သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံတို့ကို ပြန်လည် မွမ်းမံပြင်ဆင်ခြင်း စသည့် အထူးလုပ်ငန်းများကို ပီပြင်စွာ ကိုင်တွယ်ဆောင်ရွက်နိုင်စွမ်း အစိုးရတွင်ရှိကြောင်း သမ္မတပူတင်၏ ပြောကြားချက်ကိုကိုးကားလျက် အီတာ-တာ့စ်သတင်းဌာနက သတင်းထုတ်ပြန်သည်။

မိမိတို့အားလုံးသည် ကြွယ်ဝချမ်းသာပြီး အင်အားကြီးမားသည့် နိုင်ငံအဖြစ် ရုရှားနိုင်ငံ ရပ်တည်လာနိုင်စေရန် လိုလားကြကြောင်း၊ ဤကဲ့သို့သော မျှော်မှန်းချက်ဖြင့် မိမိတို့ စုစည်းညီညွတ်ရန်လိုအပ်ကြောင်း၊ တိုးတက်သောနိုင်ငံဖြစ်ရန် ရည်မှန်းချက်မှာ ရုရှားလူ့အသိုက်အဝန်း တစ်ရပ်လုံး၏ လိုလားချက်ပင်ဖြစ်ကြောင်း သမ္မတပူတင်က ပြောကြားသည်။

ရုရှားနိုင်ငံတော်နေ့ အထိမ်းအမှတ်အခမ်းအနားကို ရုရှားနိုင်ငံ မြို့တော်မော်စကိုတွင် တနင်္ဂနွေနေ့က ခြိမ့်ခြိမ့်သဲ ကျင်းပခဲ့သည်။ ***အမ်အင်အေ၊ဆင်ပ်ဟွာ။***

## အာဖဂန်နစ္စတန်တွင် ဘိန်းဖြူလေးတန် သိမ်းဆည်း

**ကဘူး ဇွန် ၁၆**

အာဖဂန်နစ္စတန်နိုင်ငံမှ တရားဥပဒေစိုးမိုးရေးအဖွဲ့များသည် နိုင်ငံတောင်ပိုင်း ဟယ်လ်မင်းပြည်နယ်တွင် ဘိန်းဖြူလေးတန်ကို သိမ်းဆည်းမိပြီး တရားမဝင် ရောင်းဝယ်သူ ခုနစ်ဦးကိုလည်း ဖမ်းဆီးလိုက်ကြောင်း နိုင်ငံပိုင်သတင်းစာတစ်စောင်က အင်္ဂါနေ့တွင် ဖော်ပြသည်။

အမျိုးသားလုံခြုံရေး ညွှန်ကြားမှု ဦးစီးဌာနမှ တာဝန်ရှိသူများသည် ဟယ်လ်မင်းပြည်နယ် ခန်ရှင်းခရိုင်တွင် မူးယစ်ဆေးဝါးဂိုဏ်းတစ်ဂိုဏ်းကို ဝင်စီးရာ ၎င်းတို့ထံမှ ဘိန်းဖြူကီလို ၄၀၀၀ ကို သိမ်းဆည်းလိုက်သည်။

တရားမဝင် ရောင်းဝယ်သူများအနက် တစ်ဦးမှာ အပြန်အလှန်ပစ်ခတ်စဉ် ဒဏ်ရာရရှိသွားကြောင်း သတင်းစာက ဖော်ပြသည်။

လောင်ချာတစ်လက် အပါအဝင် လက်နက်အများအပြားနှင့် မော်တော်ယာဉ်နှစ်စီးကိုလည်း သိမ်းဆည်းလိုက်သည်။ ***အမ်အင်အေ၊ဆင်ပ်ဟွာ။***

**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲပြီးနောက် အပျက်အစီးများကို ဇွန် ၁၆ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# နိုင်ငံတကာ သတင်းများ

# လက်ဘနွန်နှင့်ပတ်သက်သည့် စွပ်စွဲချက်များ ဆီးရီးယားသမ္မတနှင့် ကုလသမဂ္ဂသံတမန်တို့ ညှိနှိုင်းဆွေးနွေး

ဒမတ်စကတ် ဇွန် ၁၆

**ဆီးရီးယား ထောက်လှမ်းရေးသူလျှိုများ လက်ဘနွန်နိုင်ငံအတွင်း ယခုတိုင်ရှိနိုင်သည်ဟု စွပ်စွဲချက်များ ပေါ်ထွက်လာပြီးနောက် ဆီးရီးယားသမ္မတ အယ်လ်-အာဆတ်က ဆီးရီးယားနိုင်ငံသို့ ရောက်ရှိနေသော ကုလသမဂ္ဂ သံတမန် ရိုအက်လာဆင်နှင့် တနင်္ဂနွေနေ့က တွေ့ဆုံဆွေးနွေးခဲ့ကြောင်း ဆင်ပ်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။**

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်၏ မေတ္တာရပ်ခံချက်အရ ရိုအက်လာဆင်သည် သမ္မတအာဆတ်နှင့် ဒမတ်စကတ်တွင် တနင်္ဂနွေနေ့ နံနက်ပိုင်းက တွေ့ဆုံဆွေးနွေးခဲ့သည်ဟု ကုလသမဂ္ဂက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

၎င်းတို့နှစ်ဦးသည် ဆက်နွှယ်မှုရှိသည့် ပြဿနာအားလုံးကို ဆွေးနွေးကြပြီး ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်ကြမည်ဟု အဆိုပါ ကြေညာချက်အရ သိရှိရသည်။

ယင်းတွေ့ဆုံဆွေးနွေးမှုနှင့် စပ်လျဉ်း၍ ဆီးရီးယားအစိုးရနှင့် အစိုးရ၏ မီဒီယာသတင်းဌာနတို့က ထုတ်ဖော်ကြေညာခြင်းမရှိပေ။

ဆီးရီးယားအစိုးရက ယင်းထောက်လှမ်းရေး သူလျှိုများအား လက်ဘနွန်နိုင်ငံမှ လုံးဝရုပ်သိမ်းမှုမရှိသေးဘဲ ဆီးရီးယား ဆန့်ကျင်ရေး ပုဂ္ဂိုလ်များကို ပစ်မှတ်ထားလုပ်ကြသည့် နိုင်ငံစာရင်းတွင် ပါရှိနေသည်ဟူသော သတင်းများ ထွက်ပေါ်လာပြီးနောက် ကုလသမဂ္ဂသံတမန်၏ ခရီးစဉ်ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

ဆီးရီးယား ထောက်လှမ်းရေးသူလျှိုများ လက်ဘနွန်နိုင်ငံအတွင်း ယခုတိုင်အောင် ဆက်လက်ရှိနေသေးပါက စစ်ဆေးနိုင်ရန်အတွက် ကုလသမဂ္ဂက စစ်ဆေးရေးအဖွဲ့ စေလွှတ်ရန် ကိုဖီအာနန်က ဆုံးဖြတ်ထားခဲ့ကြောင်း ကုလသမဂ္ဂ တာဝန်ရှိပုဂ္ဂိုလ်များနှင့် သံတမန်များက လွန်ခဲ့သည့် ရက်သတ္တပတ်က ပြောကြားခဲ့သည်။

***အမ်အင်အေ၊ ဆင်ပ်ဟွာ။***

## ဘဂ္ဂဒက်၌ ကန်မော်တော်ယာဉ်တန်း ဗုံးဖောက်ခွဲ ခံရ

**ဘဂ္ဂဒက် ဇွန် ၁၆**

ဗုံးဖောက်ခွဲသူတစ်ဦးက ဘဂ္ဂဒက်မြို့တော်အနောက်ပိုင်း ယာမွတ်ဒေသရှိ အမေရိကန်စစ်ဘက် မော်တော်ယာဉ်တန်းအနီး ဖောက်ခွဲရာ အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးပြီး အီရတ်အရပ်သားလေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ဘဂ္ဂဒက်အနောက်ပိုင်း ယာမွတ်ဒေသတွင် အမေရိကန် မော်တော်ယာဉ်ငါးစီးပါသည့် ယာဉ်တန်းဖြတ်သန်းသွားလာစဉ် မွန်းလွဲ ၂ နာရီခန့်က ကားဗုံးပေါက်ကွဲခဲ့ရာ ဟမ်းဗီး မော်တော်ယာဉ်တစ်စီး ပျက်စီးသွားပြီး အမေရိကန်တပ်ဖွဲ့ဝင် အများအပြား သေဆုံးခဲ့သည်ဟု အစ်ကရီမာဆေးရုံမှ အဗ္ဗဒူရာမန်က ဆင်ပ်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အမေရိကန် ရဟတ်ယာဉ်တစ်စင်း အခင်းဖြစ်ပွားရာသို့ ဆင်းလာပြီး ဒဏ်ရာရသူ တပ်ဖွဲ့ဝင်အချို့အား သယ်ဆောင်သွားခဲ့သည်ကို မိမိတွေ့မြင်ခဲ့သည်ဟု ၎င်းက ပြောကြားသည်။

ဒဏ်ရာရရှိခဲ့သည့် အရပ်သားလေးဦးတွင် နှစ်လသားအရွယ် ကလေးငယ်နှင့် ၁၁ နှစ်သားအရွယ် အမျိုးသမီးတို့ ပါဝင်ကြပြီး အနီးအပါး အိမ်များရှိ တံခါးပေါက်မှ မှန်များ ထိမှန်သောကြောင့် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

အီရတ် လျှပ်စစ်ဝန်ကြီးဌာနသို့ တွဲဆက်ထားသည့် အစိုးရအဆောက်အအုံမှ မီတာအနည်းငယ်ကွာသော နေရာနှင့် ဆွန်နီပါတီဌာနချုပ်အနီးတွင် ယင်းပေါက်ကွဲမှု ဖြစ်ပွားခြင်းဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

***အမ်အင်အေ၊ဆင်ပ်ဟွာ။***

**အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့တွင် လုံခြုံရေးစောင့်ကြပ်နေသော ဗြိတိသျှတပ်ဖွဲ့ဝင်များကို ဇွန် ၁၆ ရက်က တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

# အိုပက်အစည်းအဝေးမတိုင်မီ ရေနံထုတ်လုပ်မှုပမာဏ မြှင့်တင်မည်

**ဗီယင်နာ ဇွန် ၁၆**

လာမည့်စက်တင်ဘာလတွင် ရေနံထုတ်လုပ်သည့် နိုင်ငံများအဖွဲ့(အိုပက်) ဝန်ကြီး အစည်းအဝေးမကျင်းပမီ အိုပက်က ရေနံထုတ်လုပ်မှုပမာဏ မြှင့်တင်နိုင်ဖွယ်ရှိကြောင်းဖြင့် အလှည့်ကျ ဥက္ကဋ္ဌ အယ်လ်အာမက်အယ်လ်ဆာဘားက ဗီယင်နာမြို့တွင် အင်္ဂါနေ့က ပြောကြားလိုက်သည်။

ရေနံဈေးနှုန်းများ ဆက်လက်မြင့်တက်နေပါက နေ့စဉ်ထုတ်လုပ်နေသည့် ရေနံပီပါ ၅၀၀၀၀၀ အထိ နောက်ထပ်မြှင့်တင်မည်ဟု ကူဝိတ်စွမ်းအင်ဝန်ကြီးလည်းဖြစ်သည့် အယ်လ်ဆာဘားက သတင်းထောက်များအားပြောကြားသည်။

### မြှင့်တင်

ဗုဒ္ဓဟူးနေ့က ကျင်းပသည့် အိုပက်အစည်းအဝေးတွင် အိုပက် ရေနံဝန်ကြီးများက နေ့စဉ်ထုတ်လုပ်နေသော ရေနံသတ်မှတ်ချက်ကို ပီပါ ၅၀၀၀၀၀ အထိ မြှင့်တင်နိုင်ဖွယ်ရှိသည်။ အိုပက်၏ ရေနံနေ့စဉ် ထုတ်လုပ်မှုပမာဏမှာ အီရတ်နိုင်ငံမပါဝင်ဘဲ နေ့စဉ် ပီပါ ၂၈ သန်းအထိ ရှိနေသည်။

### ဖြည့်ဆည်းနိုင်

လွန်ခဲ့သည့်နှစ် သုံးလပတ်တွင် အိုပက်က အီရတ်နိုင်ငံ၏ ထုတ်လုပ်မှု အပါအဝင် ရေနံနေ့စဉ် ပီပါ ၃၀ ဒသမ ၅ သန်းမှ ပီပါ ၃၁သန်းအထိ တိုးမြှင့်မည်ဟု အယ်လ်ဆာဘားက ကြိုတင်ခန့်မှန်းပြောကြားခဲ့သည်။ ယင်းပမာဏသည် နိုင်ငံတကာဈေးကွက်၏ ဝယ်လိုအားကို ဖြည့်ဆည်းနိုင်မည်ဖြစ်သည်။

နိုင်ငံတကာရေနံဈေးကွက်တွင် ရေနံဖြည့်ဆည်းမှု လျော့နည်းခြင်းမရှိဟု ဆော်ဒီအာရေဗျ ရေနံနှင့် သတ္တုအရင်းအမြစ်ဝန်ကြီး အယ်လ်နူယာမီက အင်္ဂါနေ့က ထုတ်ဖော်ပြောကြားသည်။ ရေနံဈေးများ ခေါင်ခိုက် မြင့်တက်လာနေသည်မှာ စက်မှုဖွံ့ဖြိုးပြီး နိုင်ငံများရှိ ရေနံချက်စက်ရုံများက ရေနံချက်လုပ်နိုင်စွမ်းအား လျော့နည်းနေမှုကြောင့်ဖြစ်သည်ဟု ၎င်းက ပြစ်တင်ပြောကြားသည်။

***အမ်အင်အေ၊ဆင်ပ်ဟွာ။***

# တောင်အာဖရိက ဒေသများ ဗီဇာတစ်မျိုးတည်းဖြင့် ခရီးသွားနိုင်သည့်စနစ် ကျင့်သုံးမည်

**ဂျိုဟန်နက်စဘတ် ဇွန် ၁၆**

တောင်အာဖရိကနိုင်ငံတွင် ကမ္ဘာ့ဖလားနောက်ဆုံး ဗိုလ်လုပွဲ ကျင်းပမည့် ၂၀၁၀ ပြည့်နှစ် အရောက်တွင် တောင်အာဖရိကဒေသရှိ ရှစ်နိုင်ငံ(အက်စ်အေဒီစီ)တို့သည် ဗီဇာတစ်မျိုးတည်းဖြင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဝင်ထွက်သွားလာနိုင်သည့်စနစ်ကို လက်ခံကျင့်သုံးရန် သဘောတူညီခဲ့ကြသည်။

ကမ္ဘာ့ဖလားပွဲများကို လာမည့်ငါးနှစ်တွင် အာဖရိက၌ ကျင်းပရန်ရှိသည်။ ထိုအချိန်၌ ဒေသအတွင်းရှိ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ ကျင်းပသော အစည်းအဝေးကို တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စဘတ် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ပြုလုပ်ရာ အဆိုပါဒေသရှိနိုင်ငံများမှ ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ ဝန်ကြီးများ တက်ရောက်ကြသည်။

အဆိုပါကာလတွင် တောင်အာဖရိကဒေသသို့ ရောက်လာကြသော ဧည့်များအတွက် တစ်နေရာ မှတစ်နေရာသို့ ဝင်ထွက်သွားလာမှု လွယ်ကူစေရေးအတွက် ဖန်တီးပေးရန် လိုအပ်သည်။ သို့ဖြစ်၍ ဗီဇာတစ်ခုတည်းဖြင့် ဒေသအားလုံးသွားလာနိုင်သည့် စနစ်မျိုးလိုအပ်ကြောင်း တောင်အာဖရိကနိုင်ငံ သဘာဝဝန်းကျင်နှင့် ခရီးသွားလုပ်ငန်းဝန်ကြီး မာသီနပ်စ်ဗန်ရှာယ်လ်ကွာ၏ ပြောကြားချက်ကို သတင်းဌာနက ကိုးကားဖော်ပြလိုက်သည်။

ဤအစီအစဉ်သည် ဘောလုံးအားကစားနှင့် နယ်စပ်ဖြတ်ကျော်ကာ သွားလာလည်ပတ်သည့် ခရီးသွားလုပ်ငန်းတို့ကို ဆက်စပ်ပေးသည့်အစီအစဉ်ဖြစ်ပြီး ထိုအစီအစဉ်ကြောင့် ဒေသတွင်းရှိ ခရီးသွားလုပ်ငန်းများကို အထောက်အကူပြုစေမည်ဖြစ်သည်ဟု ဆိုသည်။

အဆိုပါအစည်းအဝေးသို့ တောင်အာဖရိက၊ ဆွာဇီလန်၊ ဇင်ဘာဘွေ၊ ဇမ်ဘီယာ၊ လီဆိုသို၊ ဘော့ဆွာနာ၊ နမီးဘီးယား၊ မိုဇမ်ဘစ်နှင့် အင်ဂိုလာနိုင်ငံများမှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြသည်။

ကမ္ဘာ့ဖလားပွဲကစားမည့် အချိန်မတိုင်မီကာလတွင် ဒေသတွင်း လမ်းတံတား စသည့် အခြေခံအဆောက်အအုံများ ပြင်ဆင်ခြင်း၊ နေရာထိုင်ခင်း အဆောက်အအုံများ ချဲ့ထွင်ခြင်း၊ လေယာဉ်ပြေးလမ်းများ တိုးချဲ့ခြင်း စသည့် ပြင်ဆင်ဖွယ်ရာများကို ကြိုတင်ပြင်ဆင်ထားရန် လိုအပ်မည်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ပ်ဟွာ။***

❒ **ကျောဖုံးမှ**

ထိန်းချုပ်ခန်းတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူး ဦးဇော်ဝင်းက လိုက်လံရှင်းလင်းတင်ပြသည်။

ကြံခင်းဘိလပ်မြေစက်ရုံသည် တစ်ရက်လျှင် ရှစ်နာရီ အဆိုင်းသုံးဆိုင်းဖြင့် ၂၄နာရီ လည်ပတ်ဆောင်ရွက်လျက်ရှိပြီး ၂၀၀၅–၂၀၀၆ခုနှစ်တွင် ဘိလပ်မြေတန်ချိန် ၃၆၃၈၀၀ ထုတ်လုပ်ရန် လျာထားကာ လျာထားချက်ပြည့်မီရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မြန်အောင်မြို့သို့ ရောက်ရှိပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံသည်။

ရှေးဦးစွာ မြန်အောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သိန်းက မြန်အောင်မြို့နယ်၏ ဒေသဆိုင်ရာအချက်အလက်များ၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှုအခြေအနေ၊ ၂၀၀၅–၂၀၀၆ခုနှစ် သီးနှံစိုက်ပျိုးရန် လျာထားချက်နှင့် စီစဉ်ဆောင်ရွက်ထားရှိမှု၊ မြို့နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ပညာရေး၊ ကျန်းမာရေးအခြေအနေများကို ရှင်းလင်းတင်ပြပြီး တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းစီမံ ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ ဒေသအသီးသီး၌ အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရန် ရည်မှန်း၍ နိုင်ငံတော်က နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး(၂၄)ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် စီမံကိန်းတို့ကို အကောင်အထည်ဖော်လျက်ရှိကြောင်း။

နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန် နယ်မြေအေးချမ်းတည်ငြိမ်ရေး၊ စီးပွားရေးကောင်းမွန်စေရေးနှင့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးသည် အဓိကလိုအပ်ချက်များဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်က ချမှတ်ပေးထားသည့် အစီအမံများနှင့်အညီ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်စေရန် တာဝန်ရှိသူများနှင့် ပြည်သူများ ပူးပေါင်းအကောင်အထည်ဖော်ရန်လိုကြောင်း။

နိုင်ငံတော်၏ စီးပွားရေးအခြေခံဖြစ်သည့် စိုက်ပျိုး၊ မွေးမြူရေးကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နိုင်မှသာ နိုင်ငံ၏စီးပွားရေး တိုးတက်လာမည်ဖြစ်သကဲ့သို့ တစ်ဦးချင်းဝင်ငွေများ တိုးတက်ရရှိနိုင်မည်ဖြစ်ကြောင်း၊ ၂၀၀၅–၂၀၀၆ခုနှစ်တွင် ဧရာဝတီတိုင်း၌ မိုးစပါး ဧက ၃၆သိန်း၊ နွေစပါးဧက ၁၆သိန်း စိုက်ပျိုးရန်လျာထားချက်ကို ပြည့်မီကျော်လွန်စေရန် ဝီရိယစိုက်ထုတ် ဆောင်ရွက်ရမည်ဖြစ်ပြီး အထွက်နှုန်းတိုးရေးကိုလည်း အလေးထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**ရေဘေးကာကွယ်ရေး**

ရေဘေးအန္တရာယ် ကာကွယ်နိုင်ရန် တာတမံများ ထိန်းသိမ်းရေးလုပ်ငန်းများကို ယခုမှစ၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်လိုကြောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် မိမိတို့၏ ပင်မလုပ်ငန်းတာဝန်များအပြင် ဒေသဖွံ့ဖြိုးရေးတာဝန်များကိုလည်း စေတနာထား ဆောင်ရွက်သွားကြရန်၊ အောက်ခြေအထိ ကွင်းဆင်းပြီး ပြည်သူများနှင့်အတူ တက်ညီလက်ညီ ပူးပေါင်း၍ ဒေသအကျိုးသယ်ပိုးကြရန် တိုက်တွန်းကြောင်း မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် အင်္ဂပူမြို့သို့ ဆက်လက်ထွက်ခွာပြီး လမ်းခရီးတစ်လျှောက်၌ မိုးစပါးစိုက်ပျိုးရန် ပြင်ဆင်ဆောင်ရွက်နေမှုများ၊ မြန်အောင်–အင်္ဂပူလမ်း ကတ္တရာခင်းမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အင်္ဂပူမြို့သို့ ရောက်ရှိကြပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ခံများအား တွေ့ဆုံရာ အင်္ဂပူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယရဲမှူးသန်းအေးက မြို့နယ်ဆိုင်ရာအချက်အလက်များ၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် ၂၀၀၅–၂၀၀၆ခုနှစ် သီးနှံထုတ်လုပ်ရန် လျာထားမှုအခြေအနေ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအခြေအနေများကို ရှင်းလင်းတင်ပြပြီး တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို ဖြည့်ဆည်းစီမံ ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ဧရာဝတီတိုင်းသည် နိုင်ငံတော်၏စီးပွားရေးကိုဖြည့်ဆည်းပေးနေသည့် အဓိကတိုင်းဖြစ်ရာ တိုင်းအတွင်းရှိ မြို့နယ်များတိုးတက်မှ တိုင်းတိုးတက်မည်ဖြစ်ပြီး နိုင်ငံတော်လည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုင်းမှ လျာထားသတ်မှတ်ချက်များ ပြည့်မီကျော်လွန်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

အင်္ဂပူမြို့နယ်တွင် နန်ကသူဆည်ရေ ရရှိပြီး ငပိဆိပ်နှင့် ကဇွန်းခုံမြစ်ရေတင် စီမံကိန်းတို့က စိုက်ပျိုးရေများရရှိမည်ဖြစ်ရာ တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ဧကအပြင် အထွက်နှုန်းတိုးရန်လိုကြောင်း၊ နိုင်ငံတော်က နိုင်ငံနှင့်အဝန်းဖွံ့ဖြိုးတိုးတက်စေရန် စီမံကိန်းများချမှတ်ပြီး လိုအပ်သည်များ ဖြည့်ဆည်းစီမံပေးလျက်ရှိကြောင်း။

ဒေသတာဝန်ခံများအနေဖြင့် မိမိတို့နယ်မြေ အေးချမ်းတည်ငြိမ်ရေး၊ စီးပွားရေးကောင်းမွန်စေရန် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်မြင်အောင်ဆောင်ရွက်ရေး၊ ဒေသတွင်း ပြည်သူများ၏ ပညာရည် မြင့်မားရေးတို့အတွက် အောက်ခြေအထိ ကွင်းဆင်းပြီး ပြည်သူများနှင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ ယခုအခါ မိုးရာသီသို့ရောက်ရှိနေပြီဖြစ်ရာ မြစ်ရေကြီးမှုကာကွယ်ရေးအတွက် တာတမံများ ထိန်းသိမ်းမှုလုပ်ငန်းများကို ကြိုတင်ဖြည့်ဆည်းဆောင်ရွက်ကြရန်လိုကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

**ဝန်တံတား(မြို့ကွင်း)**

ထိုမှတစ်ဆင့် ဝန်တံတား(မြို့ကွင်း)တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိရာ တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၄)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအွန်ဇပါက တံတားတည်ဆောက်ရေး စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းဆောင်ရွက်နေမှုများ၊ လုပ်ငန်းတိုးတက်မှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း မှာကြားသည်။

ဝန်တံတား(မြို့ကွင်း)သည် အရှည်ပေ ၂၈၀၀၊ အကျယ် ၃၄ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ လူသွားလမ်း တစ်ဖက်သုံးပေစီရှိပြီး ခွင့်ပြုအလေးချိန်တန် ၆၀ ခံနိုင်ရည်ရှိမည့် သံကူကွန်ကရစ်အမျိုးအစား တံတားဖြစ်သည်။

နိုင်ငံတော်က ဝန်မြစ်အနောက်ဘက်ခြမ်းဒေသ ဖွံ့ဖြိုးရေးအတွက် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရန် ဆောင်ရွက်လျက်ရှိရာ ဝန်မြစ်ကူးတံတားများဖြစ်သည့် ငသိုင်းချောင်းတံတား၊ ပုသိမ်တံတားတို့ကို တည်ဆောက်ထားပြီး တတိယမြောက်တံတားအဖြစ် ယခု ဝန်မြစ်ကူးတံတား(မြို့ကွင်း)ကို တည်ဆောက် အကောင်အထည်ဖော်နေခြင်းဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဇလွန်မြို့ သမိုင်းဝင်မာရ်အောင်မြင် ပြည်တော်ပြန်ဘုရားသို့ ရောက်ရှိကြပြီး ပန်း၊ ရေချမ်းနှင့် ရွှေသင်္ကန်း ကပ်လှူပူဇော်ကာ အလှူငွေများလှူဒါန်းသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဘုရားဘက်စုံပြုပြင်ရေးလုပ်ငန်းဆောင်ရွက်မှုများကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားကာ ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။ (သတင်းစဉ်)

# မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) ကျင်းပရေး တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၁၇

**မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅)ခုနှစ် ကျင်းပရေးနှင့် ပတ်သက်၍ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁နာရီတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပရာ အခမ်းအနားသို့ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅)ခုနှစ် ကျင်းပရေးကော်မတီ အတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ဖိတ်ကြားရေး၊ ကြိုဆိုနေရာချထားရေးနှင့် ကိုယ်စားလှယ်စိစစ်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ သယ်ယူပို့ဆောင်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ လုံခြုံရေးဆပ်ကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံနှင့် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။**

ရှေးဦးစွာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅)ခုနှစ် ကျင်းပရေးကော်မတီ အတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ ပို့ဆောင်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဖိတ်ကြားရေး၊ ကြိုဆိုနေရာချထားရေးနှင့် ကိုယ်စားလှယ်စိစစ်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့က ကဏ္ဍာရပ်တစ်ခုချင်းအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို အသီးသီး တင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေး အစီအစဉ်၊ စာတမ်း၊ မှတ်တမ်းနှင့် ဆုံးဖြတ်ချက်များ ပြုစုရေးဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီနှင့် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများက မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅)ခုနှစ် ကျင်းပရေးနှင့် ပတ်သက်၍ အကြိုပြင်ဆင်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ကျင်းပရေးကော်မတီ အတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းက လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားသည်။

ယင်းနောက် ကျင်းပရေးကော်မတီ အတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းနှင့် ဆပ်ကော်မတီဥက္ကဋ္ဌများ၊ ကော်မတီဝင်များသည် အစည်းအဝေး ကျင်းပမည့်နေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။(သတင်းစဉ်)

**မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် အဆင့်မြင့်တန်း ကွင်းပိတ်(ရှုံး/ထွက်)ပြိုင်ပွဲ ပထမဆုရ ဘဏ္ဍာ/အခွန်အသင်းအား တံခွန်စိုက်ဒိုင်း ချီးမြှင့်စဉ်။** (ကြေးမုံ)

# အဆင့်မြင့်တန်း ကွင်းပိတ်ဘောလုံးပွဲ ဘဏ္ဍာ/အခွန် ဗိုလ်စွဲ ဆောက်လုပ်ရေးအသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရ

ရန်ကုန် ဇွန် ၁၇

**၂၀၀၄–၂၀၀၅ ဘောလုံးရာသီ အဆင့်မြင့်တန်း ကွင်းပိတ်(ရှုံး/ထွက်) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ဘဏ္ဍာ/အခွန်အသင်းနှင့် ဆောက်လုပ်ရေးအသင်းတို့သည် ယနေ့ ညနေ ၃နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်းတွင် ယှဉ်ပြိုင်ကစားကြရာ ဘဏ္ဍာ/အခွန်အသင်းက သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။**

**ဘဏ္ဍာ/အခွန်အသင်း သုံးဂိုး။**
(မျိုးလှိုင်ဝင်း နှစ်ဂိုး၊
အောင်ကျော်မိုး တစ်ဂိုး)
**ဆောက်လုပ်ရေးအသင်း တစ်ဂိုး။**
(စည်သူသန်း)
**ဒိုင်လူကြီး ဦးဝင်းဦး။**

ပြိုင်ဘက်ဟောင်းနှစ်သင်း တွေ့ဆုံသော ပွဲဖြစ်၍ အကြိတ်အနယ်ရှိပြီး လျင်လျင်မြန်မြန် ကစားသွားကြသော ပရိသတ်ကြိုက် ပွဲတစ်ပွဲဖြစ်သည်။

ပွဲစသည်နှင့်ဆောက်လုပ်ရေးအသင်းက မနားတမ်း တိုက်စစ်ဆင်ကစားရာမှ ၁၆ မိနစ်၌ စည်သူသန်းက ဘဏ္ဍာ/အခွန် နောက်ခံလူများကို လိမ်ခေါက်၍ ဆောက်လုပ်ရေးအသင်းအတွက် အဖွင့်ဂိုး သွင်းယူခဲ့သည်။

ဘဏ္ဍာ/အခွန်အသင်း ချေပဂိုးရရှိရန် နေရာစုံမှ ပြန်လည်ထိုးဖောက်ကစားသည်။ အသင်းခေါင်းဆောင် မျိုးလှိုင်ဝင်းက ကွင်းလယ်အထိဆင်ပြီး အကွက်ဆင်ပေးရာ ဘဏ္ဍာ/အခွန် တိုက်စစ်အား အရှိန်မြင့်လာသည်။ ၂၉ မိနစ်တွင် မျိုးလှိုင်ဝင်းက ပြစ်ဒဏ်ဘောကို ကန်သွင်းပြီး ဘဏ္ဍာ/အခွန်အတွက် ချေပဂိုး သွင်းယူလိုက်သည်။

ဆက်တိုက်ဆိုသလိုပင် ဘဏ္ဍာ/အခွန်က ဖိကစားရာ မိနစ် ၄၀ တွင် အောင်ကျော်မိုးက အဝေးမှ အမှတ်မထင် ကန်သွင်းရာ ဆောက်လုပ်ရေး ဂိုးသမား စိုးလင်းထွန်း မကာကွယ်နိုင်ဘဲ ဂိုးဝင်သွား၍ ဘဏ္ဍာ/အခွန်အသင်း ဒုတိယဂိုးရရှိသွားသည်။

ဒုတိယပိုင်းတွင် ဘဏ္ဍာ/အခွန်အသင်းက ပိုဖိကစားသွားနိုင်ပြီး ဆောက်လုပ်ရေးအသင်းမှ တိုက်စစ်မှူးများကို ဘဏ္ဍာ/အခွန် ခံစစ်မှူးများက ထိန်းချုပ်ထားနိုင်၍ ဆောက်လုပ်ရေး တိုက်စစ်အား လျော့ခဲ့ရသည်။ ဒုတိယပိုင်း ၃၂မိနစ်တွင် ဘဏ္ဍာ/အခွန်အသင်းအတွက် တတိယဂိုးကို မျိုးလှိုင်ဝင်းကပင် သွင်းယူပေးခဲ့သည်။

ဘဏ္ဍာ/အခွန်အသင်းသည် အချိတ်အဆက်မိမိ၊ အတွဲညီညီဖြင့် အနိုင်ရရှိအောင် ကစားနိုင်ခဲ့၍ ကွင်းပိတ်ဒိုင်းဆုကြီးကို (၂၁)ကြိမ်မြောက် ဆွတ်ခူးရရှိသွားသည်။ ထို့ပြင် ဘဏ္ဍာ/အခွန်အသင်းသည် ယခုဘောလုံးရာသီတွင် ကွင်းဖွင့်ပြိုင်ပွဲနှင့် အမှတ်ပေးပြိုင်ပွဲတို့၌ ဗိုလ်စွဲထားရာ ယခု ကွင်းပိတ်ပြိုင်ပွဲ၌ပါဗိုလ်စွဲသဖြင့် တစ်ရာသီအတွင်း ဒိုင်းသုံးခု ဆွတ်ခူးရယူနိုင်ခဲ့သည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က အမှတ်ပေးပြိုင်ပွဲ ဒုတိယဆုရ စီးပွား/ကူးသန်းအသင်းအား ဆုတံဆိပ်နှင့် ငွေကျပ်သိန်း ၄၀ ကိုလည်းကောင်း၊ ကွင်းပိတ်ပြိုင်ပွဲ ဒုတိယဆုရ ဆောက်လုပ်ရေးအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေကျပ်သိန်း ၂၀ ကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမှတ်ပေးပြိုင်ပွဲနှင့် ကွင်းပိတ်ပြိုင်ပွဲတို့တွင် ပထမဆုရရှိသော ဘဏ္ဍာ/အခွန်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အမှတ်ပေးပြိုင်ပွဲ ပထမဆုရ ဘဏ္ဍာ/အခွန်အသင်းအား တံခွန်စိုက်ဒိုင်း၊ ဆင့်ပွားဖလားနှင့် ငွေကျပ်သိန်း ၆၀ ကို လည်းကောင်း ကွင်းပိတ်ပြိုင်ပွဲ ပထမဆုရ ဘဏ္ဍာ/အခွန်အသင်းအား တံခွန်စိုက်ဒိုင်း၊ ဆင့်ပွားဖလားနှင့် ငွေကျပ်သိန်း ၃၀ ကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။ (ကြေးမုံ)

၂၀၀၅ခုနှစ်၊ ဇူလိုင်လ(၃)ရက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆို

# သမိုင်းစဉ်ဆက် ထက်မြက်နိုးကြား မြန်မာအမျိုးသမီးများ

သီတာစိုး
(စီးပွားရေးတက္ကသိုလ်)

မြန်မာနိုင်ငံ၏ သမိုင်းစဉ်ဆက်တစ်လျှောက်လုံးတွင် တစ်မျိုးသားလုံး၏ ဂုဏ်ကိုဆောင်ခဲ့ကြသည့် မြန်မာအမျိုးသမီးများ၏ ပညာ၊ စာဂ၊ သီလတရားတို့ဖြင့် ထုံမွမ်းအပ်သော အမျိုးဂုဏ်၊ ဇာတိဂုဏ်သည် ရေးမကုန်၊ ပြောမကုန်အောင် ရှိခဲ့ပြီးဖြစ်သည်။

ဆိုရပါလျှင် ပုဂံခေတ်တွင် နန်းတော်ရာထူးများကိုပင် အမျိုးသမီးများအား ခန့်အပ်ခဲ့သည်ဟု ကျောက်စာများအရ လေ့လာသိရှိရသည်။ ယင်းအပြင် မိဘမျိုးနွယ်ကို သမိုင်းတွင်အောင် စောင့်ရှောက်ထိန်းသိမ်းခဲ့သည့် ရွှေအိမ်စည် မင်းသမီး၏ စောင့်လေမျိုးနွယ် သီလဂုဏ်၊ စာဂဂုဏ်သည်လည်း မြန်မာအမျိုးသမီးများ၏ ဂုဏ်ကိုဆောင်ခဲ့သည်။ မိဖုရားဖွားစော၏ မင်းမှုရေးရာ ကျွမ်းကျင်လိမ္မာမှုကလည်း မင်းအဆက်ဆက်၏ အားထားယုံကြည်ရာဖြစ်ခဲ့သည်။ ရတနာပုံခေတ်တွင် မင်းတုန်းမင်းတရားကြီး၏ သမီးတော်များမှာလည်း ငွေတိုက်၊ စာတော်တိုက် စာရင်းကိုင်များအဖြစ် နိုင်ငံတာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ခဲ့သည်။ သုခမ္မာစာရီ၊ သံပျင်မင်းသမီးတို့ကဲ့သို့ တရားရေးရာကျွမ်းကျင်လိမ္မာသူများ ပေါ်ပေါက်ခဲ့သည့်အပြင် စောပြည့်ညို၊ စောမင်းနှစ်၊ ရဝေရှင်ထွေး၊ မိဖြူ၊ မိညို၊ မယ်ခွေ၊ မမြကလေး၊ လှိုင်ထိပ်ခေါင်တင် တို့ကဲ့သို့ အကျော်အမော် စာဆိုတော်များမှာလည်း သမိုင်းတွင် အထင်အရှားရှိခဲ့ပြီးဖြစ်သည်။

**ဤသို့လျှင် ပညာပြည့်ဝနှလုံးလှသော မြန်မာအမျိုးသမီးများသည် ဗြိတိသျှနယ်ချဲ့ လက်အောက်တွင်လည်း ဒူးမထောက်၊ လက်မမြှောက်ဘဲ ရဲရဲနီသော မြန်မာ့သွေးဖြင့် ဗြိတိသျှနယ်ချဲ့ကို သူ့ကျွန်မခံတော်လှန်ခဲ့ကြသည်။ ဝက်ထီးကန်တိုက်ပွဲတွင် ရှမ်းအမျိုးသမီးသုံးဦးသည် လည်းကောင်း၊ ၁၈၈၇ ခုနှစ် နှောင်းပိုင်းတွင် ဗြိတိသျှနယ်ချဲ့စစ်တပ်နှင့် တိုက်ခိုက်စဉ်ကပါဝင်ခဲ့သော ချင်းအမျိုးသမီးရှစ်ဦးသည်လည်းကောင်း နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့ ရွှန်းဖိတ်လင်းလက်စွာဖြင့် ရှုပ်ရှုပ်ချုံချုံ စွန့်စွန့်စားစား အမျိုးသားများနှင့်တန်းတူ တိုက်ပွဲဝင်ခဲ့ခြင်းတို့သည် နယ်ချဲ့ဆန့်ကျင်ရေးသမိုင်းတွင် မြန်မာအမျိုးသမီးများ၏ ဂုဏ်ရောင်ကို တန်ဖိုးကြီးစွာ ရင်းနှီးပေးဆပ်ရယူခဲ့ကြသည်။**

အလားတူပင် ၁၃၀၀ ပြည့်နှစ် အရေးတော်ပုံတွင်လည်း **မြန်မာအမျိုးသမီးများသည် နယ်ချဲ့သမား၏ မြင်းခွာကို မကြောက်မရွံ့ဘဲ၊ အမျိုးဘာသာ သာသနာအတွက် သက်စွန့်ကြိုးပမ်းတိုက်ပွဲဝင်ခဲ့ကြသည်။ မြန်မာအမျိုးသမီးများ၏ နယ်ချဲ့ဆန့်ကျင်ရေး သမိုင်းတွင် ကုမာရီအသင်း၊ မြန်မာ့ဟိတ ကုမာရီ အမျိုးသမီးအသင်း၊ ဗြဟ္မစရိယ ကုမာရီအမျိုးသမီးအသင်း၊ သစ္စာဝါဒီ အမျိုးသမီးအသင်း၊ အမျိုးသမီးတပ်ဖွဲ့၊ ပြည်သူ့ရဲမေများအဖွဲ့၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးများလွတ်လပ်ရေးအဖွဲ့၊ နေရှင်နယ်ကောင်စီ အမျိုးသမီးအဖွဲ့ စသော အသင်းအဖွဲ့များ ဖွဲ့စည်းပြီး လွတ်လပ်ရေးတိုက်ပွဲတွင် ပြောင်မြောက်စွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။**

ယင်းတို့၏ အဓိက ရည်ရွယ်ချက်သည် လူမျိုးခြားကို မယူရေး၊ တိုင်းရင်းဖြစ်ပစ္စည်းများ သုံးစွဲအားပေးရေးဟူသော ဝံသာနုရက္ခိတ စိတ်ဓာတ်ကို မြင့်မြတ်စွာ ဖော်ဆောင်ကျင့်သုံးကြသကဲ့သို့ ပီနန်မြို့သို့ လှည့်ဖြားသွေးဆောင် ခေါ်ယူသွားခဲ့သည့် မြန်မာအမျိုးသမီးများအား ပြန်ပို့ရေးအတွက် ဗြိတိသျှနယ်ချဲ့အစိုးရကို တောင်းဆိုခဲ့ရာ အောင်မြင်မှု ရခဲ့သည်။

ထို့နည်းအတူ မြန်မာအမျိုးသမီးကောင်းများ ဖြစ်စေရန်နှင့် အမျိုးအနွယ်ကို စောင့်ရှောက်သော အမျိုးသမီးများဖြစ်စေရန်တို့ကို ပညာပေးရေးသားခဲ့ကြသည့် အမျိုးသမီး သတင်းစာဆရာကြီးများနှင့် အမျိုးသမီး စာရေးဆရာကြီးများလည်း အထင်အရှားရှိခဲ့သည်။ ဒေါ်ဖွားရှင်၊ ဒေါ်သစ်၊ ဒေါ်ဒေါ်ထား၊ အင်ဒီပင်းဒင့်ဒေါ်စန်း၊ ဒေါ်မမခင် စသော အမျိုးသမီး သတင်းစာဆရာကြီးများနှင့် ဒဂုန်ခင်ခင်လေး၊ ဒေါ်ခင်မျိုးချစ်၊ ဂျာနယ်ကျော် မမလေး၊ ဒေါ်ခင်နှင်းယု စသော အမျိုးသမီး စာရေးဆရာကြီးများသည်လည်း မြန်မာစာပေနယ်တွင် ထည်ထည်ဝါဝါရှိခဲ့သည်။ ယင်းအပြင် ဖလောရင့်နိုက်တင်ဂေးဆုရှင် မော်ကွန်းဝင် ဗိုလ်မှူးဒေါ်ခင်အုန်းမြ၊ ကမ္ဘာ့စံပြသီလရှင် ဒေါ်ဉာဏစာရီ၊ စေတနာရှင် ဒေါ်ဦးဇွန်း၊ ဂီတမိခင်ကြီး ဒေါ်စောမြအေးကြည်၊ စံပြကျွန်မြေရှင် အငြိမ့်မင်းသမီး လေဘာတီဒေါ်မြရင်နှင့် ရုပ်ရှင်သရုပ်ဆောင်နှင့် တေးသံရှင် ဒေါ်မေရှင်၊ အသက်ပေါင်းများစွာကို မိမိအသက်နှင့် လဲစက်ပြီး တာဝန်ထမ်းဆောင်ခဲ့သော လေယာဉ်မယ် သွယ်သွယ်ဝင်းတို့သည် အမျိုးအနွယ်၏ဂုဏ်ကိုဆောင်ခဲ့သည့် စံပြမြန်မာအမျိုးသမီးကောင်းများပင်ဖြစ်ခဲ့သည်။ ဤသည်တို့မှာ ဉာဏစွမ်းရည်၊ ဝီရိယစွမ်းရည် ဆင်ခြင်တုံတရားနှင့် အကျင့်သီလစွမ်းအား၊ အသိပညာ အတတ်ပညာ ကျွမ်းကျင်မှုများဖြင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုနယ်ပယ်အသီးသီးတွင် ထိုက်တန်သော မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်ဂုဏ်ရည်ပင်ဖြစ်သည်။

ဤသို့အားဖြင့် မြန်မာအမျိုးသမီးများ ဤမျှထူးချွန်ပြောင်မြောက်သော စွမ်းဆောင်ဂုဏ်ရည်တို့ကို ပိုင်ဆိုင်ရယူနိုင်ခြင်းသည် မြန်မာဟူသော အမျိုးအနွယ်ကို စောင့်ရှောက်မြတ်နိုးသူများအဖြစ် ဗီဇမှန်၊ ဇာတိမှန်သူများဖြစ်ကြသည့်အပြင် ထေရဝါဒဗုဒ္ဓတရား၏ အဆုံးအမကို ခံယူကျင့်သုံးခြင်း၊ ရိုးရာဓလေ့စရိုက်များကို လူမှုရေးအစဉ်အလာများ၊ ရိုးရာဓမ္မသတ်များ၊ တည်ဆဲဥပဒေများအရ အမျိုးသားများနှင့်တန်းတူ အခွင့်အရေးရရှိခြင်းတို့ကြောင့် ဖြစ်သည်။

> **မျက်မှောက်မြန်မာနိုင်ငံ၏ သမိုင်းခေတ်တွင်လည်း မြန်မာအမျိုးသမီး အသိပညာရှင်၊ အတတ်ပညာရှင်များသည် နိုင်ငံ့တာဝန်ကို ကျရာကဏ္ဍမှ ထမ်းဆောင်လျက်ရှိကြသည်။**
>
> **မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း၏ အမျိုးသမီးဆရာဝန်များအဖွဲ့၊ မြန်မာအမျိုးသမီးများ စီးပွားရေး စွမ်းဆောင်ရှင်များအသင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း စသော အသင်းအဖွဲ့အစည်းများတွင် တက်ကြွစွာထမ်းဆောင်နေသည့် မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်ရည်ကိုလည်း အထင်အရှား တွေ့ရှိရ။**

မျက်မှောက်ခေတ် မြန်မာနိုင်ငံ၏ သမိုင်းတွင်လည်း မြန်မာအမျိုးသမီး အသိပညာရှင်၊ အတတ်ပညာရှင်များသည် နိုင်ငံ့တာဝန်ကို ကျရာကဏ္ဍမှ ထမ်းဆောင်လျက်ရှိကြသည်။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း၏ အမျိုးသမီးဆရာဝန်များအဖွဲ့၊ မြန်မာအမျိုးသမီးများ စီးပွားရေး စွမ်းဆောင်ရှင်များအသင်း၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း စသော အသင်း၊ အဖွဲ့အစည်းများတွင် တက်ကြွစွာထမ်းဆောင်နေသည့် မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်ရည်ကိုလည်း အထင်အရှားတွေ့ရှိရသည်။

**အထူးသဖြင့် နိုင်ငံတကာနယ်ပယ်တွင် လူမျိုး၊ အသားအရောင်နှင့် အဆင့်အတန်း ခွဲခြားမှုများကြောင့် ကမ္ဘာ့အမျိုးသမီးထုကြီးတစ်ရပ်လုံးက ထိမ်းမြားခြင်း၊ ကွာရှင်းခြင်း၊ အမွေဆက်ခံခြင်းဟူသော လူမှုအခွင့်အရေးများအား အမျိုးသားများနှင့်တန်းတူ ရပိုင်ခွင့်ရှိရန် တောင်းဆိုတိုက်ပွဲဝင်နေကြသော်လည်း မြန်မာအမျိုးသမီးများအတွက် ယင်းရပိုင်ခွင့်များသည် တောင်းဆိုရန်မလိုသော မွေးရာပါ မူလအခွင့်အရေးပင်ဖြစ်သည်။**

ထို့ကြောင့်ပင် မြန်မာပြည်တွင်မွေးပြီး မြန်မာ့သွေးအစစ်ဖြင့် ကြီးပြင်းရှင်သန်လာခဲ့ကြသော၊ နိုင်ငံအကျိုးကိုဆောင်၍ ဂုဏ်ရောင်ပြောင်ခဲ့ကြသည့် မျိုးချစ်မြန်မာအမျိုးသမီးကောင်းများအားလုံးကို ဂုဏ်ပြုသည့်အနေဖြင့် **"မြန်မာအမျိုးသမီးများနေ့"** ဟူ၍ သမိုင်းတွင်သည့်နေ့တစ်နေ့ကို ရွေးချယ်သတ်မှတ်ခဲ့သည်။ ယင်းနေ့သည်ကား မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံး၏ စွမ်းအားစုကြီးကို ပေါင်းစည်း ဦးဆောင်မှုပေးခဲ့သော "မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ" ကို စတင်ဖွဲ့စည်းခဲ့သည့် ဇူလိုင် ၃ရက်ပင်ဖြစ်သည်။

တစ်ဆက်တည်းမှာပင် ကမ္ဘာ့ကုလသမဂ္ဂ၏ အမျိုးသမီးရေးရာ လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်း၊ တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ကျင်းပသော စတုတ္ထအကြိမ် ကမ္ဘာ့အမျိုးသမီး ညီလာခံကို တက်ရောက်၍ ပေကျင်းကြေညာစာတမ်းကို လက်ခံအတည်ပြုခဲ့ခြင်းတို့ဖြင့် အမျိုးသမီးများ၏အရေးကို ရှေးမဆွကပင် အလေးထားခဲ့သော မြန်မာနိုင်ငံသည် အမျိုးသမီးရေးရာ ကော်မတီကို ဖွဲ့စည်းပြီးသောအခါတွင် မြန်မာလူဦးရေ၏ ထက်ဝက်ကျော်မျှ အင်အားရှိသည့် မြန်မာအမျိုးသမီးများအတွက် ထိရောက်အကျိုးရှိမည့် မူဝါဒများချမှတ်ကာ ဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်း၍ **"အမျိုးသမီးဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့"** ဆောင်ပုဒ်ဖြင့် အမျိုးသမီးများအား ဦးဆောင်လျက်ရှိသည်။ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်တားဆီးရေးနှင့် ပြန်လည်ထူထောင်ရေးဟူ၍ ကဏ္ဍခြောက်ရပ်သတ်မှတ်ပြီး ဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီအား ပိုမိုကျယ်ပြန့်သောလုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီဆောင်ရွက်နိုင်ရန် ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် "မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်" အဖြစ် ပြင်ဆင်တိုးချဲ့ ဖွဲ့စည်းခဲ့သည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အခြေခံရပ်တည်မှုသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသမီးများကဏ္ဍမှ အင်အားတစ်ရပ်အဖြစ် ပါဝင်ထမ်းဆောင်ရေးပင် ဖြစ်သည်။ ထို့ကြောင့်လည်း ကွန်ပျူတာသင်တန်းများ၊ စာရင်းကိုင်သင်တန်း၊ အင်္ဂလိပ်စကားပြောသင်တန်းများ ဖွင့်လှစ်ခြင်း၊ ယဉ်ကျေးမှု ထိန်းသိမ်းရေး ဟောပြောပွဲများပြုလုပ်ခြင်း၊ ဆင်းရဲနွမ်းပါးသော ကလေးသူငယ်များအား ပညာသင်စရိတ်ထောက်ပံ့ခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖြစ် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်ပင်ထိန်းသိမ်းခြင်း၊ လူမှောင်ခိုနှင့် လူကုန်ကူးမှုများ တားဆီးကာကွယ်ခြင်း စသော နိုင်ငံအကျိုးပြု၊ အမျိုးသမီးအကျိုးပြုလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အချုပ်အားဖြင့်ဆိုသော် နိုင်ငံနှင့်အဝန်း အင်အားထက်ဝက်ကျော်မျှရှိသော အမျိုးသမီးများ၏ အင်အားကို အခြေခံပြီး မှန်ကန်သော အမျိုးသားရေးရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးများသည် နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ရာတွင် အင်အားတစ်ရပ်အဖြစ် ပါဝင်ဆောင်ရွက်ခြင်းနှင့်အတူ မြန်မာအမျိုးသမီးထုကြီး တစ်ရပ်လုံး၏ အကျိုးစီးပွားကို ဖော်ဆောင်ရေးတွင် **"သမိုင်းစဉ်ဆက် ထက်မြက်နိုးကြား မြန်မာအမျိုးသမီးများ"** ကို သက်သေပြုပြီး အလေးအနက် တင်ပြအပ်ပါသည်။ ။

# သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်အဖြစ် ပြောင်းလဲလိုသည့် မည်သည့်ယာဉ်မဆို လက်ခံပြောင်းလဲ တပ်ဆင်ပေးလျက်ရှိ သဘာဝဓာတ်ငွေ့ ၂၄နာရီပတ်လုံး လိုသလောက်ဝယ်ယူနိုင်

ရန်ကုန် ဇွန် ၁၇

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ယနေ့ မွန်းလွဲပိုင်းတွင် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း သာကေတကမ်းလွန်ရေနံအခြေစိုက်စခန်းသို့သွားရောက်ပြီး သဘာဝဓာတ်ငွေ့သုံးမော်တော်ယာဉ်များ** (Natural Gas Vehicle -NGV) **ပြောင်းလဲတပ်ဆင်ပေးနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။**

### ရှင်းလင်းပြသ

ရှေးဦးစွာ ဝန်ကြီးသည် သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်ဌာန အလုပ်ရုံသို့သွားရောက်ပြီး မော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲတပ်ဆင်ပေးနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးစန်းလွင်နှင့် တာဝန်ရှိသူတို့က လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ ဝန်ကြီးသည် သာကေတ ကမ်းလွန်ရေနံအခြေစိုက်စခန်း အစည်းအဝေးခန်းမ၌ ကျင်းပသည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းလွင်က သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်ဌာနဖွဲ့စည်းဆောင်ရွက်နေမှုအခြေအနေကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက ပြောင်းလဲတပ်ဆင်ပြီးသည့် မော်တော်ယာဉ်များအား NGV Certificate လက်မှတ်ထုတ်ပေးနေမှု အခြေအနေကိုလည်းကောင်း၊ ဌာနမှူး ဦးသိန်းဆွေနှင့် တာဝန်ရှိသူတို့က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

### ပြောင်းလဲတပ်ဆင်ပေးမည်

ဝန်ကြီးက ယခုအခါ သဘာဝဓာတ်ငွေ့ယာဉ်အဖြစ် ပြောင်းလဲလိုသည့် မည်သည့်ယာဉ်ကိုမဆိုပြောင်းလဲတပ်ဆင်ပေးသွားတော့မည်ဖြစ်ရာ အင်တိုက်အားတိုက်ဖြင့် ဟန်ချက်ညီညီ ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားပြီး

လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယခုအခါ သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်အဖြစ် ပြောင်းလဲလိုသည့် မည်သည့်ယာဉ်မဆို စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း သာကေတကမ်းလွန်ရေနံ အခြေစိုက်စခန်း၌ လက်ခံပြောင်းလဲတပ်ဆင်ပေးလျက်ရှိသည်။ ပြောင်းလဲ တပ်ဆင်ပြီးသည့် မော်တော်ယာဉ်များအနေဖြင့် ဓာတ်ဆီ/ဒီဇယ်ဆီ တစ်ဂါလန်နှင့် ညီမျှသော သဘာဝဓာတ်ငွေ့ ၁၆၅ ကုဗပေလျှင် ငွေကျပ် ၁၀၀ နှုန်းဖြင့် ရန်ကုန်မြို့ပေါ်ရှိ CNG အရောင်းဆိုင်များ၌ ၂၄ နာရီပတ်လုံး သဘာဝဓာတ်ငွေ့ကို လိုသလောက် အကန့်အသတ်မရှိ ဝယ်ယူဖြည့်တင်းနိုင်မည်ဖြစ်သည်။

### ဆက်သွယ်စုံစမ်းနိုင်

သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်အဖြစ် ပြောင်းလဲတပ်ဆင်လိုသည့် ယာဉ်ပိုင်ရှင်များအနေဖြင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း သာကေတကမ်းလွန်ရေနံအခြေစိုက်စခန်း ဖုန်း-၅၄၅၇၃၉ နှင့် ၀၉-၅၀၀၇၁၉၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

(သတင်းစဉ်)

## မိုးကုတ်ဝိပဿနာ တရားစခန်းပွဲ

**ရန်ကုန် ဇွန် ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဟိုပုန်းမြို့၊ ကန်သာယာရပ်ကွက်၊ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ ခုနစ်ရက်အလုပ်ပေးတရားစခန်းပွဲကို ဇွန် ၂၄ရက်မှ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ယင်းစခန်းပွဲတွင် မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ် ဓမ္မကထိက အရှင် ဩဘာသ (သာသနတက္ကသိုလ်ဓမ္မာစရိယ၊ B.A ရွှေဘုန်းမြင့်ကျောင်း၊ ခြောက်ထပ်ကြီးဘုရားကြီးတိုက် ဗဟန်း ရန်ကုန်) အရှင်သူမြတ်က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်၍ တရားစခန်းဝင်လိုသူယောဂီများ ကြိုတင်စာရင်းပေးသွင်း ဝင်ရောက်နိုင်ကြောင်း သိရသည်။

(က-ပ)

## ကြည့်ရှုစစ်ဆေး

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ မြန်မာ့ရေနံနှင့် သဘာဓာတ်ငွေ့လုပ်ငန်း သာကေတကမ်းလွန် ရေနံအခြေစိုက်စခန်း သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်ဌာန အလုပ်ရုံအတွင်း သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များ** (Natural Gas Vehicle-NGV) **ပြောင်းလဲ တပ်ဆင်ပေးနေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။**

(စွမ်းအင်)


# အချိုမှုန့်

**Monosodium Glutamate (MSG)**

**စားသုံးခြင်းအန္တရာယ် သတိပေးနှိုးဆော်ချက်**

၁။ ယခင်က သန့်ရှင်းလတ်ဆတ်သော ဟင်းသီးဟင်းရွက်၊အသား၊ငါးတို့ကို သဘာဝအတိုင်း ချက်ပြုတ်စားသောက်ကြပါသည်။ ယခုအခါတွင် သဘာဝမဟုတ်သည့် အချိုမှုန့်ကို အစားအသောက်များ ပြင်ဆင်ချက်ပြုတ်ရာတွင် သုံးစွဲလာကြပါသည်။

၂။ အချိုမှုန့်တွင် လူတို့၏ ကျန်းမာရေးကို ထိခိုက်စေသောဓာတ်များ ပါရှိသည်ကို စစ်ဆေးတွေ့ရှိရပါသည်။ အချိုမှုန့်ကို စားသုံးခြင်းကြောင့် အောက်ပါရောဂါများ ဖြစ်ပွားစေပါသည်-

- **ပန်းနာရင်ကျပ်ရောဂါ**
- **အရေပြားယားယံခြင်း၊ အပိမ့်ထွက်ခြင်း**
- **နှလုံးရောဂါနှင့်တူသော ရင်ဘတ်အောင့်ရောဂါ**
- **သွေးတိုးရောဂါ**
- **နှလုံးရောဂါ**
- **နှလုံးခုန်စေခြင်း**
- **စိတ်ကယောင်ချောက်ချားဖြစ်ခြင်း**
- **ကျောက်ကပ်အားနည်းသူ၊ ကျောက်ကပ်ရောဂါရှိသူများတွင် ကိုယ်ဖောရောင်ခြင်း**

၃။ သို့ပါ၍ ဟင်းသီးဟင်းရွက်၊ အသား၊ ငါး စသည်တို့ကို သဘာဝအတိုင်း ချက်ပြုတ် ပြင်ဆင်စားသောက်ကြပါရန်နှင့် အချိုမှုန့်ကိုထည့်သွင်းစားသောက်ခြင်း မပြုကြပါရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**


## ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး စိုက်ခင်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇွန် ၁၇**

သစ်တောရေးရာဝန်ကြီးဌာန အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းသည် ဇွန် ၁၄ရက်မှ ၁၅ရက်အထိ မန္တလေးတိုင်း ညွှန်ကြားရေးမှူး၊ သက်ဆိုင်ရာခရိုင်၊ မြို့နယ်များမှ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများ လိုက်ပါလျက် မန္တလေးတိုင်း ရမည်းသင်းခရိုင် တပ်ကုန်းမြို့နယ်က တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လွှဘုံကြိုးဝိုင်းအတွင်းရှိ ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး စိုက်ခင်းဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ တပ်ကုန်းမြို့နယ်၊ ရမည်းသင်းမြို့နယ်၊ပျော်ဘွယ်မြို့နယ် ဦးစီးအရာရှိရုံးများ၊ ပျိုးဥယျာဉ်လုပ်ငန်းများကိုလည်းကောင်း၊ မန္တလေးတိုင်း မိတ္ထီလာခရိုင် မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းဘေးဝဲ/ ယာကွက်လပ်နေရာများ၌ ယခုမိုးရာသီ အချိန်မီ ကွက်လပ်ဖြည့်စိုက်ပျိုးနိုင်ရေး ဝန်ထမ်းများအား မိုင်တိုင်အလိုက် သတ်မှတ်တာဝန်ခွဲဝေချထားမှုများကိုလည်းကောင်း၊ မန္တလေးတိုင်း မြင်းခြံခရိုင် တောင်သာမြို့နယ်အတွင်းရှိ မြင်းစိုင်းတောင်၊ ကျောက်တစ်လုံးတောင်၊ တောင်သာတောင်နှင့် မြင်းခြံမြို့နယ် ကုက္ကဲတောင်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ၊ ကွက်လပ်နေရာများ၌ ထပ်မံဖြည့်စွက်စိုက်ပျိုးရမည့် လုပ်ငန်းအခြေအနေများကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တာဝန်ရှိ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး စိုက်ခင်းများ မိုးအမီ အချိန်နှင့် တစ်ပြေးညီစိုက်ပျိုးနိုင်ရေး၊ လမ်းဘေးဝဲ/ယာ ကွက်လပ်နေရာများ၌ အမြဲစိမ်းသစ်မျိုးအပင်ကြီးများဖြင့် ကွက်လပ်ဖြည့်စွက်စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်ရေး ဝန်ထမ်းများအား တိတိကျကျတာဝန်ခွဲဝေချထားရေးတို့ကို ရှင်းလင်းဆွေးနွေးပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)



## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၁၈-၆-၂၀၀၅ (စနေနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၅။ အတီးပြိုင်ပွဲ
- ၈း၁၀ ၆။ တေးဂီတအစီအစဉ်
- ၈း၂၀ ၇။ ရွှေလောင်းတံတား
- ၈း၃၀ ၈။ International News.
- ၈း၄၅ ၉။ Grammar Made Easy.
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၅ ၂။ တေးဂီတအစီအစဉ်
- ၁၁း၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁း၄၅ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂း၀၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
- ၁၂း၂၅ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စောရဝိဇ္ဇာနှင့်မိစ္ဆာခွင်းဓား" (အပိုင်း-၁၂)**
- ၁း၀၀ ၇။ မြန်မာ့မီးရထားစွမ်းအားကျောက်ရေတွင်းခုံးကျော်တံတား
- ၁း၁၀ ၈။ **လောကနီတိ(၁) "အိုးထိန်းသည်" [ကျော်ရဲအောင်၊ ခိုင်သင်းကြည်၊ မြင့်မြင့်ခိုင်၊ ဦးစောနိုင်(ရှမ်းပြည်)၊ အိဖြူစိုး] (ဒါရိုက်တာ-ခင်ဇော်)**
- ၁း၃၅ ၉။ တေးဂီတအစီအစဉ်
- ၁း၅၀ ၁၀။ အတီးပြိုင်ပွဲ
- ၂း၁၀ ၁၁။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၂း၃၅ ၁၂။ ဟင်းရွက်ရေလှောင်တမံ
- ၂း၄၅ ၁၃။ International News.
- ၃း၀၀ ၁၄။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ English For Everyday Use.
- ၄း၄၅ ၄။ တေးဂီတအစီအစဉ်
- **၅း၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (အထူးပြုအားလုံး) (အင်္ဂလိပ်စာ)**
- ၅း၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅း၃၀ ၇။ မြင်းခြံစိန်ရဲနောင်ဆိုင်းအဖွဲ့ဖျော်ဖြေခန်း
- ၅း၄၅ ၈။ မြန်မာစာ၊ မြန်မာစကား
- ၆း၀၀ ၉။ တေးဂီတအစီအစဉ်
- ၆း၁၀ ၁၀။ Discovery.
- ၆း၂၀ ၁၁။ တေးဂီတအစီအစဉ်
- ၆း၃၀ ၁၂။ ညနေခင်းသတင်း
- ၇း၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၇း၀၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ခွန်းခြွေသီ တစ်ရာ့တစ်လီ" (အပိုင်း-၃၁)**
- ၇း၃၀ ၁၅။ **"မြန်မာလိုလှစေချင်သည်" [ရတနာခင်၊ ဝါဝါအောင်၊ ကြည်စိုး(IC)] (ဒါရိုက်တာ-ရိုးရိုး)**
- ၇း၄၅ ၁၆။ "မြန်မာအမျိုးသမီးများနေ့"
- ၈း၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်သံသရာ" (အပိုင်း-၅၀)**
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

**အမှတ် (၆၀၉) သံသုမာလမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးခင်မောင်ကြီး-ဒေါ်လှလှသန်းမိသားစုက အလှူငွေ ကျပ်နှစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂) ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။**

(က-ပ)

**အမှာစကားပြောကြား**

**မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အစိုးရနည်းပညာကောလိပ်(ကျိုင်းတုံ) ပင်မအဆောက်အအုံသစ် ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

# ကျိုင်းတုံဒေသက တိုင်းရင်းသားပြည်သူများ၏ ရင်သွေးငယ်များ အ
# ကျိုင်းတုံမြို့ကြီး၌ ဝိဇ္ဇာနှင့် သိပ္ပံကောလိပ်၊ နည်းပညာကောလိ

❍ **ရှေ့ဖုံးမှ**

အဆိုပါ အစိုးရနည်းပညာကောလိပ်(ကျိုင်းတုံ) ပင်မအဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ် ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)မှ အတွင်းရေးမှူး ဦးအောင်မြင့်နှင့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)မှ ဒုတိယဥက္ကဋ္ဌ ဦးစံပေ့နှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အစိုးရနည်းပညာကောလိပ်(ကျိုင်းတုံ) ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ဘင်ခရာ၊ ပန်းဖွား၊ ကဗျာလွတ်နှင့် မင်္ဂလာစည်တော်အဖွဲ့ဝင်များနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားကျင်းပသည့် အစိုးရနည်းပညာကောလိပ်(ကျိုင်းတုံ)သို့ နံနက် ၈နာရီ ၁၀မိနစ်တွင် ရောက်ရှိလာပြီး တက်ရောက်လာကြသည့် ဒေသခံ တိုင်းရင်းသားများ၊ ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် အစိုးရနည်းပညာကောလိပ်(ကျိုင်းတုံ) ပင်မအဆောက်အအုံသစ် ဖွင့်ပွဲအစီအစဉ်ကို အဆိုပါအဆောက်အအုံ ပင်မဆောင်ရှေ့၌ကျင်းပရာ အစီအစဉ်အရ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်နှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းတို့က အစိုးရနည်းပညာကောလိပ်(ကျိုင်းတုံ) ပင်မအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)၊ တိုင်းမှူးများနှင့် အဖွဲ့ဝင်များသည် အစိုးရနည်းပညာကောလိပ်(ကျိုင်းတုံ) ပင်မအဆောက်အအုံသစ်ရှေ့၌ ဒေသခံ တိုင်းရင်းသားများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**ကမ္ပည်းမော်ကွန်း**

ယင်းနောက် ပင်မဆောင်ရှိ ကမ္ပည်းမော်ကွန်းကြေးပြား ဖွင့်လှစ်ခြင်းအစီအစဉ်ကိုကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က စက်ခလုတ်နှိပ်၍ ကမ္ပည်းမော်ကွန်းကြေးပြားကို ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းကြေးပြားကို အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အစိုးရနည်းပညာကောလိပ်(ကျိုင်းတုံ) ပင်မဆောင်ရှိ Library၊ လက်တွေ့သင်ကြားခန်းများ၊ e-Library၊ Language Lab နှင့် Computer Room တို့၌ ကျောင်းသား၊ ကျောင်းသူများ အဆင့်မြင့်နည်းပညာရပ်များ လက်တွေ့သင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် အစိုးရနည်းပညာကောလိပ်(ကျိုင်းတုံ) ပင်မအဆောက်အအုံသစ် ဖွင့်ပွဲအစီအစဉ်ကို ပင်မဆောင်ရှိ အစည်းအဝေးခန်းမ၌ကျင်းပရာ ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဒေါက်တာဇော်နိုင်က အစိုးရနည်းပညာကောလိပ်(ကျိုင်းတုံ) ပင်မအဆောက်အအုံသစ် တည်ဆောက်ခဲ့မှုအခြေအနေ၊ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် သင်တန်းများ၊ ကျောင်းသား၊ ကျောင်းသူများ လေ့ကျင့်သင်ကြားလျက်ရှိသည့် အခြေအနေနှင့် သင်ကြားစီမံကိန်းရပ်များကို ရှင်းလင်းတင်ပြသည်။

**အမှာစကားပြောကြား**

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကားပြောကြားရာတွင် ရှမ်းပြည်နယ်အရှေ့ပိုင်း သံလွင်အရှေ့ခြမ်းဒေသ၏ မြို့တော်အဖြစ်ဖြင့် ခေတ်မီမြို့ပြအင်္ဂါရပ်များနှင့်အညီ တစ်စထက်တစ်စ ပြည့်စုံတင့်တယ်နေပြီဖြစ်သည့် ကျိုင်းတုံမြို့ကြီး၌ အဆင့်မြင့်ပညာဆိုင်ရာ အခြေခံအဆောက်အအုံများဖြစ်သော ဝိဇ္ဇာသိပ္ပံ ဒီဂရီကောလိပ်၊ ကွန်ပျူတာကောလိပ်နှင့် နည်းပညာကောလိပ်တို့ အစုံအစေ့အလိုက် တည်ရှိ

**အစိုးရနည်းပညာကောလိပ်(ကျိုင်းတုံ) ပင်မအဆောက်အအုံသစ်ကို မီးရောင်စုံထွန်းညှိထားသည့် ညရှုခင်းအလှဖြင့် မြင်တွေ့ရစဉ်။** (သတင်းစဉ်)

နေပြီဖြစ်သည့်အပြင် ယခုအချိန်အခါ
အဆောက်အအုံသစ်များ ပြည့်စုံစွာ ပေါ
အတွက်ရော၊ နိုင်ငံတော်အတွက်ပါ လ
တိုးတက်ဖြစ်ထွန်းမှုတစ်ခု ဖြစ်သည်ဟု

**အိုးမကွာအိ**

ယခင်ခေတ်ကာလက အဆင့်မြင့်
မန္တလေးတက္ကသိုလ်တို့၌ သွားရောက်
တိုင်းရင်းသားပြည်သူများ၏ ရင်သွေးင
ပညာရပ်များကို အိုးမကွာအိမ်မကွာ
ရရှိခြင်းသည် ဒေသခံ တိုင်းရင်းသားပြ
မြှော့ဖွယ် ကောင်းလှပါကြောင်း။

ဒေသအတွင်းမှာပင် ခေတ်မီပညာ
ပေါ်ထွန်းလာသည့်အတွက် ဒေသ၏ ဖွံ့
ကိုယ့်အားနှင့် တည်ဆောက်နိုင်သည့်
တိုးပွားလာမှာဖြစ်ကြောင်း။

ခေတ်မီတိုးတက်သည့် နိုင်ငံတစ်
တွင် နိုင်ငံတကာအဆင့်မီ အရည်အသွေး
ပညာရှင်များ၊ အင်ဂျင်နီယာများ၊ ဗိသုက
များ စသည့် အသိပညာရှင်၊ အတ
လောက်လောက် ပြုစုပျိုးထောင် မွေးထု

အလားတူပင် ဒေသတစ်ခု ဖွံ့ဖြိုး
လူငယ်များ အဆင့်မြင့်ပညာ လေ့လာ
များကို ဒေသအတွင်းမှာပင် ဖန်တီးပေ

**နိုင်ငံတော်အစိုးရက တည်ဆောက်ထူထောင်ပေးနေသည့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး အခြေခံကောင်းများ၊ အလားအလာကောင်းများကို သားစဉ်မြေးဆက်တိုင် ထိန်းသိမ်း သယ်ဆောင်သွားနိုင်ရန်မှာ ဒေသခံပြည်သူများ ပညာတတ်မြောက်ရန်၊ ပညာရည်မြင့်မားရန်၊ ကျန်းမာကြံ့ခိုင်ရန် အထူးလိုအပ်။**

# သွေးငယ်များ အဆင့်မြင့်ပညာရပ်များကို အိုးမကွာအိမ်မကွာ မိမိဒေသအတွင်းမှာပင် သင်ကြားခွင့်ရရှိ

# ည်းပညာကောလိပ်၊ ကွန်ပျူတာကောလိပ်တို့ကို တစ်ပြိုင်တည်း တည်ဆောက်ထူထောင်ပေးခဲ့

နေပြီဖြစ်သည့်အပြင် ယခုအချိန်အခါတွင် ကောလိပ်သုံးခုလုံး၌ ပင်မ အဆောက်အအုံသစ်များ ပြည့်စုံစွာ ပေါ်ထွန်းလာပြီဖြစ်သည့်အတွက် ဒေသ အတွက်ရော၊ နိုင်ငံတော်အတွက်ပါ လွန်စွာ ကျက်သရေမင်္ဂလာရှိလှသော တိုးတက်ဖြစ်ထွန်းမှုတစ်ခု ဖြစ်သည်ဟု ပထမဦးစွာ ပြောကြားလိုကြောင်း။

## အိုးမကွာအိမ်မကွာ

ယခင်ခေတ်ကာလက အဆင့်မြင့်ပညာရပ်များကို ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်တို့၌ သွားရောက်သင်ယူခဲ့ကြရသည့် ကျိုင်းတုံဒေသက တိုင်းရင်းသားပြည်သူများ၏ ရင်သွေးငယ်များအနေဖြင့် ယခုကဲ့သို့ အဆင့်မြင့် ပညာရပ်များကို အိုးမကွာအိမ်မကွာ မိမိဒေသအတွင်းမှာပင် သင်ကြားခွင့် ရရှိခြင်းသည် ဒေသခံ တိုင်းရင်းသားပြည်သူများအတွက် အလွန်ပင် စိတ်ချမ်း မြေ့ဖွယ် ကောင်းလှပါကြောင်း။

ဒေသအတွင်းမှာပင် ခေတ်မီပညာတတ် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာသည့်အတွက် ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း ကိုယ့်ခွန် ကိုယ့်အားနှင့် တည်ဆောက်နိုင်သည့် အခြေအနေနှင့် အခွင့်အလမ်းများ တိုးပွားလာမှာဖြစ်ကြောင်း။

ခေတ်မီတိုးတက်သည့် နိုင်ငံတစ်နိုင်ငံ ထူထောင်တည်ဆောက်ရန်ဆိုရာ တွင် နိုင်ငံတကာအဆင့်မီ အရည်အသွေးမြင့်မားသည့် သိပ္ပံနှင့် နည်းပညာဆိုင်ရာ ပညာရှင်များ၊ အင်ဂျင်နီယာများ၊ ဗိသုကာပညာရှင်များ၊ ကွန်ပျူတာပညာရှင် များ စသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပြည့်ပြည့်စုံစုံ လုံလုံ လောက်လောက် ပြုစုပျိုးထောင် မွေးထုတ်ပေးနိုင်စေရန် အထူးလိုအပ်ကြောင်း။

အလားတူပင် ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဒေသခံ လူငယ်များ အဆင့်မြင့်ပညာ လေ့လာသင်ယူတတ်မြောက်နိုင်သည့် အခြေခံ များကို ဒေသအတွင်းမှာပင် ဖန်တီးပေးနိုင်ရန် လိုအပ်ကြောင်း။

## ယှဉ်တွဲဖွံ့ဖြိုးစေရန်

နိုင်ငံတော်အစိုးရအနေဖြင့် ခေတ်အဆက်ဆက်တွင် အကြောင်းကြောင်း များကြောင့် ခေတ်နောက်ကျကျန်နေခဲ့သည့် ရှမ်းပြည်နယ်ကြီးတစ်ခုလုံး ပြည်ထောင်စုကြီး၏ အခြားသော နယ်မြေဒေသအစိတ်အပိုင်းများနှင့် ဆက်စပ် ယှဉ်တွဲ ဖွံ့ဖြိုးတိုးတက်လာစေရန် အလေးအနက်ထား စီမံဆောင်ရွက်ပေး လျက်ရှိကြောင်း။

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအစီအမံများကို ရှမ်းပြည်နယ်မှာပင် စတင် ဆောင်ရွက်ပေးခဲ့ပြီး ယခုဆိုလျှင် ရှမ်းပြည်နယ်၏ နယ်စပ်ဒေသများ၌ မြို့ကြီးပြကြီးများ ပေါ်ထွန်းလာသည်အထိ စွမ်းဆောင်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ဤနောက်ပိုင်းတွင် လားရှိုး၊ ကျိုင်းတုံ၊ တောင်ကြီးနှင့် ပင်လုံဒေသတို့ကို

ဗဟိုပြုသည့် ဖွံ့ဖြိုးရေးအထူးအစီအမံများချမှတ်ပြီး ရှမ်းပြည်နယ်တစ်ခွင်လုံး လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးအခြေခံ ကောင်းများ ပေါ်ထွန်းလာစေရအောင် အထူးအလေးထား ဆောင်ရွက်ပေးလျက် ရှိကြောင်း။

ယင်းသို့ နိုင်ငံတော်အစိုးရက တည်ဆောက်ထူထောင်ပေးနေသည့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး အခြေခံကောင်းများ၊ အလားအလာကောင်းများကို သားစဉ်မြေးဆက်တိုင် ထိန်းသိမ်းသယ်ဆောင်သွားနိုင်ရန်မှာ ဒေသခံပြည်သူများ ပညာတတ်မြောက်ရန်၊ ပညာရည်မြင့်မားရန်၊ ကျန်းမာကြံ့ခိုင်ရန် အထူးလိုအပ် ကြောင်း၊ အထူးသဖြင့် ဒေသခံလူငယ်များ အဆင့်မြင့်ပညာ တတ်မြောက်မှသာ ပညာဉာဏ် ဗဟုသုတနှင့်ပြည့်စုံပြီး အမြင်ကျယ် အတွေးမှန်လာသည့်အလျောက်

## တစ်ပြိုင်တည်းတည်ဆောက်

ထို့ကြောင့် ဒေသခံလူငယ်များ အဆင့်မြင့်ပညာ သင်ယူနိုင်ရေးအတွက် ယခင်က တက္ကသိုလ်ကောလိပ်ဟူ၍ မရှိခဲ့သည့် ကျိုင်းတုံမြို့ကြီး၌ ဝိဇ္ဇာနှင့် သိပ္ပံကောလိပ်၊ နည်းပညာကောလိပ်၊ ကွန်ပျူတာကောလိပ်တို့ကို တစ်ပြိုင် တည်း တည်ဆောက်ထူထောင်ပေးခဲ့ခြင်းဖြစ်ကြောင်း။

ဤသို့ အဆင့်မြင့်ပညာ တက်လှမ်းသင်ယူနိုင်စေမည့် အခြေခံကောင်းများ ဖြစ်ပေါ်လာစေရအောင် အထက်တန်းကျောင်း၊ အလယ်တန်းကျောင်း၊ မူလ တန်းကျောင်းများကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ထို့ကြောင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် ၁၉၈၈ခုနှစ်မတိုင်မီက အထက်တန်းကျောင်း ၁၀ကျောင်း၊

မိမိနိုင်ငံ၊ မိမိဒေသ၏အနာဂတ်ကို အကောင်းဆုံး၊ အကျိုးအရှိဆုံး လမ်းကြောင်း မှန်ပေါ်တွင် တည်ဆောက်ပေးနိုင်စွမ်းရှိမှာဖြစ်ကြောင်း။

**အစိုးရနည်းပညာကောလိပ်(ကျိုင်းတုံ) ပင်မအဆောက်အအုံသစ်ကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ရှမ်းပြည်နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်နှင့် သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းတို့ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။**

(သတင်းစဉ်)

အလယ်တန်းကျောင်း ၁၇ကျောင်းနှင့် မူလတန်းကျောင်း ၃၁၁ကျောင်းသာ ရှိခဲ့ရာက ယခုဆိုလျှင် အထက်တန်း ကျောင်း ၂၆ကျောင်း၊ အလယ်တန်း ကျောင်း ၂၄ကျောင်း၊ အလယ်တန်း ပညာသင်ကြားပေးသည့် မူလတန်း လွန်ကျောင်း ၃၀ နှင့် မူလတန်း ကျောင်း ၅၀၈ ကျောင်း ရှိလာခဲ့ပြီး ကျောင်းပေါင်း ၂၅၀ တိုးမြှင့်ဖွင့်လှစ် ပေးနိုင်ခဲ့ကြောင်း။

ယင်းတိုးပွားလာခဲ့သည့် အခြေခံ ပညာကျောင်းများအနက် ယခင်က စာသင်ကျောင်းဟူ၍ မရှိခဲ့သည့် နယ်စပ်အစွန်အဖျား ဒေသများ၌ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းများ အရ အထက်တန်းကျောင်း ၁၀ ကျောင်း၊ အလယ်တန်းကျောင်း သုံးကျောင်းနှင့် မူလတန်းကျောင်း ၈၄ကျောင်း၊ စုစုပေါင်း ၉၇ကျောင်းကို ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း။

## ကျန်းမာရေး

ကျန်းမာရေးအပိုင်းကို ကြည့်မည် ဆိုလျှင်လည်း ရှမ်းပြည်နယ် (အရှေ့ ပိုင်း)၌ ယခင်ခေတ်ကာလက ဆေးရုံ ၁၄ရုံသာ ရှိခဲ့သော်လည်း ယခုအခါ ဆေးရုံ ၂၆ရုံ ရှိလာခဲ့ပြီး နှစ်ဆမက တိုးတက်လာခဲ့ပြီ ဖြစ်ကြောင်း၊ ကျိုင်းတုံမြို့ကြီး၌လည်း ခုတင်၂၀၀ဆံ့ အထူးကုဆေးရုံကြီးတစ်ရုံ ရှိလာခဲ့ပြီ ဖြစ်သည့်အပြင် အထူးကုဆရာဝန် ကြီးများ၊ သမားတော်ကြီးများ၊ ခေတ်မီရောဂါရှာဖွေရေးနှင့် ကုသရေး ဆေးရုံသုံး ပစ္စည်းကိရိယာများ၊ ခေတ်မီဆေးဝါးများ ပြည့်ပြည့်စုံစုံ ဖြည့်တင်းပေးထားပြီး ဖြစ်ကြောင်း။

ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်ပြီး ကျိုင်းတုံအရှေ့ပိုင်း နယ်စပ်အစွန် အဖျားဒေသများမှာပင် ဆေးရုံ ကိုးရုံ၊ ဆေးပေးခန်း ၁၁ ခန်း၊ ကျေးလက် ကျန်းမာရေးဌာနနှစ်ခုနှင့် ကျေးလက် ကျန်းမာရေးဌာနခွဲ ၁၀ခု တိုးချဲ့ဖွင့်လှစ် ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❒**

## စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန် အစိုးရ နည်းပညာကောလိပ် (ကျိုင်းတုံ) ကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

# ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုး တစ်မျိုးမျိုးကို ထိခိုက်နစ်နာစေမှုတိုင်းသည် ပြည်ထောင်စုကြီးတစ်ခုလုံး၊ တိုင်းရင်းသားလူမျိုးအားလုံးအတွက် နစ်နာဆုံးရှုံးမှုဖြစ်

❐ စာမျက်နှာ ၉ မှ

လမ်းပန်းဆက်သွယ်ရေးနှင့် ပတ်သက်လျှင်လည်း တောင်ကြီး-ကျိုင်းတုံ နေ့ချင်း ခရီးပေါက်ခဲ့ပြီဖြစ်သည့်အပြင် နယ်စပ်ဒေသများအထိ ကူးသန်းသွားလာရေး လွယ်ကူချောမွေ့နေသည့်အတွက် ကျိုင်းတုံ၊ တာချီလိတ်မြို့တို့ကို ဖြတ်သန်းပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံတို့ အပြန်အလှန်ကူးသန်းသွားလာနိုင်နေပြီဖြစ်ကြောင်း၊ ထို့အပြင် ကျိုင်းတုံမြို့မှနေ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မြောက်ပိုင်းနှင့် မန္တလေးတိုင်းတို့နှင့်လည်း လွယ်လင့်တကူ ချောမွေ့စွာ သွားလာနိုင်နေပြီဖြစ်ကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) လေကြောင်းခရီးမှာဆိုလျှင်လည်း ကျိုင်းတုံ၊ တာချီလိတ် လေယာဉ်ကွင်းများကို ဂျက်လေယာဉ်များ ဆင်းသက်နိုင်သည်အထိ ချဲ့ထွင် အဆင့်မြှင့်တင် တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း။

### စောင့်ရှောက်မြှင့်တင်

ယင်းသို့ ကျိုင်းတုံမြို့တော်ကို ဗဟိုပြုပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) တစ်ခွင်လုံး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာနေသည့် အခြေအနေ အချိန်အခါကောင်းတွင် ဤဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်း အလားအလာကောင်းများ အစဉ်ထာဝရ တည်တံ့ခိုင်မြဲအောင်၊ ဆက်လက်ပွားစီးအောင် ဒေသခံ တိုင်းရင်းသားပြည်သူများက စောင့်ရှောက်မြှင့်တင်ပေးကြရန်လိုကြောင်း။

မြန်မာနိုင်ငံတော်ကြီး လွတ်လပ်ရေးရခဲ့ပြီး နှစ်ပေါင်း ၅၀ ခန့်အထိ ရှမ်းပြည်နယ်သည် တည်ငြိမ်အေးချမ်းမှုမရှိခဲ့ဘဲ မိမိတို့ခေတ်ကာလရောက်မှသာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပြန်လည်တည်ဆောက်နိုင်ခဲ့သည့်အတွက် နယ်မြေဒေသ တည်ငြိမ်အေးချမ်းလာခဲ့ပြီး ဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အစိုးရနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများ လက်တွဲကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ကြသည်မှာ ၁၀ နှစ်ကျော်မျှသာ ရှိပါသေးကြောင်း။

### ကွာဟခဲ့ရ

အမှန်တကယ်အားဖြင့် ကျိုင်းတုံဒေသအပါအဝင် ရှမ်းပြည်နယ်ကြီးတစ်ခုလုံးသည် ကိုလိုနီနယ်ချဲ့တို့ထားရစ်ခဲ့သည့် အနိဋ္ဌာရုံ အမွေဆိုးများ၊ ကိုလိုနီနယ်ချဲ့လက်သစ်တို့ ဖန်တီးလုပ်ဆောင်ခဲ့၊ လုပ်ဆောင်ဆဲဖြစ်သည့် ဆိုးမွေများကို အဆိုးရွားဆုံးခံခဲ့ရသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ခဲ့ရသည့်အပြင် ရှမ်းပြည်နယ်အတွင်းမှာပင်လျှင် ဒေသတစ်ခုနှင့်တစ်ခု ဖွံ့ဖြိုးတိုးတက်မှု မညီမမျှဖြစ်ခဲ့ရခြင်းများ၊ ဆင်းရဲချမ်းသာကွာဟခဲ့ရခြင်းများသည် ယနေ့တိုင် ဖြေရှင်းနေရဆဲ သမိုင်း၏ဆိုးမွေများပင်ဖြစ်ကြောင်း။

### ခြေရှုပ်လှုံ့ဆော်နေဆဲ

လွတ်လပ်ရေးကြိုးပမ်းမှုကာလ၊ လွတ်လပ်ရေးရပြီးနောက်ပိုင်း ပါတီနိုင်ငံရေးကာလ၊ ရှမ်းပြည်နယ်အတွင်း ပြည်ပက KMTတပ်များ ကျူးကျော်ဝင်ရောက်မှုကာလတို့ကစ၍ ရှမ်းပြည်နယ်အတွင်း အမည်အမျိုးမျိုး တပ်ထားသည့် လက်နက်ကိုင်အဖွဲ့အစည်းများစွာ ပေါ်ပေါက်လာရသည့် အခြေအနေရောက်ခဲ့သည်အထိ ကိုလိုနီနယ်ချဲ့ လက်ဟောင်းလက်သစ်တို့သည် ယနေ့ထက်တိုင်အောင် ရှမ်းပြည်နယ်အတွင်း ခြေရှုပ်ဆဲ၊ သွေးထိုးလှုံ့ဆော်ဆဲ၊ ပြည်နယ်ခွဲထွက်ရေးအတွက် မြှောက်ပင့်ပေးနေဆဲပင် ဖြစ်ကြောင်း။

အထူးသဖြင့် ရှမ်းပြည်နယ်အတွင်းတွင် ကိုလိုနီနယ်ချဲ့တို့ တမင်ဖန်တီးထားရစ်ခဲ့သည့် တစ်ယူသန် လူမျိုးရေးအစွဲအလမ်းများ၊ တိုင်းရင်းသားလူမျိုးတစ်မျိုးနှင့်တစ်မျိုးအကြား သံသယပွား စိတ်ဝမ်းကွဲပြားစေမှုများ၊ တစ်မျိုးသားလုံးလူညွန့်တုံးစေမည့် ဘိန်းစိုက်ပျိုးမှု အလေ့အထများစသည့် ဆိုးမွေအရပ်ရပ်ကို မြန်မာ့ရေမြေပေါ်က အပြီးတိုင်ကွယ်ပျောက်သွားစေရအောင် ယနေ့တိုင် ကြိုးပမ်းပယ်ဖျောက်နေရဆဲပင်ဖြစ်ကြောင်း။

ယနေ့ ပြည်ထောင်စုကြီးအတွင်း ဖြစ်တည်နေပြီဖြစ်သည့် တိုင်းရင်းသားလူမျိုးစုများ၊ တိုင်းရင်းသားလူမျိုးများ၊ ပေါင်းစည်းယှက်နွှယ်နေထိုင်ကြသည့် အစဉ်အလာများ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုများ၏ သီးသန့်သွင်ပြင်သဘာဝနှင့် အခြေခံတူညီသည့် စရိုက်လက္ခဏာများမှာ နေ့ချင်းညချင်းဖြစ်တည်လာခဲ့ခြင်းမဟုတ်ဘဲ နှစ်ပေါင်းထောင်ချီသည့် သမိုင်းစဉ်တစ်လျှောက်တွင် အဆင့်ဆင့် တိုးတက်ဖြစ်ထွန်းလာခဲ့သည့် ဂုဏ်ဒြပ်များပင်ဖြစ်ကြောင်း။

### ပေါင်းစည်းဖြစ်တည်နေ

ဖြူနီပြာဝါ ရောင်စုံပန်းများပေါင်းစည်းပြီး အဆင်အသွေးလှပသည့် ပန်းခင်းကြီးဖြစ်လာရသကဲ့သို့၊ ဆီလျော်ညီညွတ်သည့် ကျောက်ကွက်များပေါင်းစည်းပြီး အဖိုးထိုက်တန်သော ကျောက်မျက်ရတနာတစ်ပွင့် ဖြစ်လာရသကဲ့သို့ ပြည်ထောင်စုကြီးသည်လည်း အဆင်အသွေး အမျိုးမျိုးရှိသော်လည်း ဤမြေ၊ ဤရေ၌ ပေါက်ဖွားရှင်သန်လာခဲ့သည့် တိုင်းရင်းသားလူမျိုးစုများ၏ စည်းလုံးညီညွတ်မှုစွမ်းအားနှင့် ပေါင်းစည်းဖြစ်တည်နေခြင်းကြောင့် တန်ဖိုးရှိနေရခြင်းဖြစ်ကြောင်း။

ထို့ကြောင့် မည်သည့်ကျောက်ကွက်မှာဖြစ်စေ အပြစ်အနာအဆာ တစ်စုံတစ်ရာပေါ်ပေါက်လာသည်နှင့် ကျောက်ကောင်းတစ်ပွင့်၏တန်ဖိုး လျော့ကျနိမ့်ပါးရသကဲ့သို့ ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးတစ်မျိုးမျိုးကို ထိခိုက်နစ်နာစေမှုတိုင်းသည် ပြည်ထောင်စုကြီးတစ်ခုလုံး၊ တိုင်းရင်းသားလူမျိုးများအားလုံးအတွက် နစ်နာဆုံးရှုံးမှုဖြစ်သည်ဟု ခံယူကြရမှာဖြစ်ကြောင်း။

### သွေးခွဲသပ်လျှိုမှုကို သိမြင်

ထို့ကြောင့် တိုင်းရင်းသားလူမျိုးများအကြား လွဲမှားသည့် တစ်ယူသန်လူမျိုးရေးစိတ်ဓာတ်ကို သွတ်သွင်းလှုံ့ဆော်နေသည့် ကိုလိုနီနယ်ချဲ့လက်သစ်တို့၏

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ●

## ကိုလိုနီလက်ဟောင်း လက်သစ်တို့ ခြေရှုပ်နေဆဲ

လွတ်လပ်ရေးကြိုးပမ်းမှုကာလ၊ လွတ်လပ်ရေးရပြီးနောက်ပိုင်း ပါတီနိုင်ငံရေးကာလ၊ ရှမ်းပြည်နယ်အတွင်း ပြည်ပက KMTတပ်များ ကျူးကျော် ဝင်ရောက်မှုကာလတို့ကစ၍ ရှမ်းပြည်နယ်အတွင်း အမည်အမျိုးမျိုး တပ်ထားသည့် လက်နက်ကိုင် အဖွဲ့အစည်းများစွာ ပေါ်ပေါက်လာရသည့် အခြေအနေ ရောက်ခဲ့သည်အထိ ကိုလိုနီနယ်ချဲ့ လက်ဟောင်းလက်သစ်တို့သည် ယနေ့ ထက်တိုင်အောင် ရှမ်းပြည်နယ်အတွင်း ခြေရှုပ်ဆဲ၊ သွေးထိုးလှုံ့ဆော်ဆဲ၊ ပြည်နယ်ခွဲထွက်ရေးအတွက် မြှောက်ပင့်ပေးနေဆဲပင်ဖြစ်။

အစိုးရ နည်းပညာကောလိပ် (ကျိုင်းတုံ) ပင်မအဆောက်အအုံသစ် ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ (၂)မှ အတွင်းရေးမှူး ဦးအောင်မြင့် ငွေကျပ် ၁၀ သိန်းကို ကျောင်းအုပ်ဆရာကြီး ဒေါက်တာဇော်နိုင်ထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

● စာမျက်နှာ ၁၀ မှ

လက်ဝေခံ အဆွယ်အပွားများ၏ သွေးခွဲသပ်လျှိုမှုကို သိမြင်ပြီး တိုင်းရင်းသားလူမျိုးများအချင်းချင်း မေတ္တာတရားနှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ကို အခြေခံသည့်၊ ညီညွတ်မှုတစ္စာ လက်တွဲပေါင်းစည်းနေထိုင်လာခဲ့ကြသည့် သမိုင်းစဉ်လာနှင့် တန်ဖိုးကို သိမြင်ကြရန်၊ ထိန်းသိမ်းမြှင့်တင်ကြရန် လိုအပ်ကြောင်း။

တည်ငြိမ်အေးချမ်းမှု၊ ပေါင်းစည်းညီညွတ်မှုတို့ ဖြစ်တည်နေသမျှကာလပတ်လုံး ဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်ကောင်းများ၊ မိမိတို့၏ ရင်သွေးငယ်များ စိတ်အေးချမ်းမြေ့စွာ ပညာသင်ကြားနိုင်မှု အခွင့်အလမ်းကောင်းများ ငြိမ်းငြိမ်းချမ်းချမ်းနှင့် ပရိယေသန ဝမ်းစာရှာဖွေလုပ်ကိုင်နိုင်မှု အခြေအနေကောင်းများ တည်မြဲနေမည်ဆိုသည်ကိုသိမြင်ပြီး တိုင်းရင်းသားလူမျိုးများအားလုံး ညီညီညွတ်ညွတ် ချစ်ချစ်ခင်ခင်နှင့် ရှေးအစဉ်အလာကောင်းကို ထိန်းသိမ်းနေထိုင်သွားကြရန် အဓိကဖြစ်ကြောင်း။

**ဖွင့်ဆိုမြွက်ကြားခဲ့**

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ်(၇) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အဖွင့်အမှာစကား မြွက်ကြားရာ၌

**"အေးချမ်းတည်ငြိမ်ရေးစိတ်ဓာတ်၊ စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ မျှဝေခံစားရေးစိတ်ဓာတ်၊ နိုင်ငံတော်တည်ဆောက်ရေး စိတ်ဓာတ်တွေဟာ ပြည်ထောင်စုစိတ်ဓာတ်ရဲ့ အနှစ်သာရတွေဖြစ်တယ်"**

ဟု ဖွင့်ဆိုမြွက်ကြားခဲ့ကြောင်း။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)က တိုင်းရင်းသားပြည်သူများအားလုံးကလည်း **"ပြည်ထောင်စုစိတ်ဓာတ်ရဲ့ အနှစ်သာရများ"**နှင့်အညီ အခြားသော ပြည်နယ်နှင့်တိုင်းများက ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများအားလုံးနှင့် လက်တွဲပူးပေါင်းပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် မိမိရပ်ရွာ၊ မိမိဒေသ၊ မိမိပြည်နယ်ကအစပြု၍ ပြည်ထောင်စုကြီးတစ်ရပ်လုံး အေးချမ်းသာယာအောင်၊ ဖွံ့ဖြိုးတိုးတက်အောင် အရှည်တည်တံ့ခိုင်မြဲအောင် ကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ရရှိဖြစ်ထွန်းနေပြီဖြစ်သော နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု၊ အေးချမ်းသာယာမှု၊ စည်းလုံးညီညွတ်မှု အခြေခံကောင်းများကို သားစဉ်မြေးဆက် အနာဂတ်ကာလတိုင် သယ်ဆောင်သွားနိုင်စေရန် ဝိုင်းဝန်းစောင့်ရှောက် မြှင့်တင်ပေးကြပါဟု တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အစိုးရနည်းပညာကောလိပ်(ကျိုင်းတုံ) ပင်မအဆောက်အအုံသစ် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)မှ အတွင်းရေးမှူး ဦးအောင်မြင့်က ငွေကျပ် ၁၀သိန်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)မှ ဒုတိယဥက္ကဋ္ဌ ဦးစံပေ့က ငွေကျပ် ၁၀သိန်းတို့ကို ကျောင်းအုပ်ဆရာကြီး ဒေါက်တာဇော်နိုင်ထံ ပေးအပ်လှူဒါန်းကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား ကျောင်းအုပ်ဆရာကြီး ဒေါက်တာဇော်နိုင်က အစိုးရနည်းပညာကောလိပ်(ကျိုင်းတုံ)ပင်မအဆောက်အအုံသစ် တည်ဆောက်မှုအခြေအနေ၊ဖွင့်လှစ်သင်ကြားလျက်ရှိသည့် အခြေအနေ၊ ကျောင်းသား၊ ကျောင်းသူများ လေ့ကျင့်သင်ကြားပေးလျက်ရှိသည့် အခြေအနေနှင့်သင်ကြားစီမံကိန်းစီမံကိန်းစရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံ တိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီး ထပ်မံ၍ နှုတ်ဆက်သည်။

**ပါဝင်ဖွဲ့စည်းတည်ဆောက်**

အစိုးရနည်းပညာကောလိပ်(ကျိုင်းတုံ)မှာ ကျိုင်းတုံမြို့မှ ငါးမိုင်ကွာ ကျိုင်းတုံ–လွယ်မွေ ကားလမ်းမကြီးဘေး ဝမ်မိုင်ကျေးရွာအနီး မြေဧရိယာ အကျယ်အဝန်း ၄၃ ဒသမ ၆ ဧကပေါ်၌ တည်ဆောက်ထားခြင်းဖြစ်ပြီး ပင်မအဆောက်အအုံနှင့်အတူ စာသင်ခန်း ၂၄ခန်း၊ ကွန်ပျူတာခန်း တစ်ခန်း၊ လက်တွေ့သင်ကြားခန်း၊ အုပ်ချုပ်ရေးနှင့် စီမံရေးရာရုံးခန်းများ၊ ဧည့်ခန်း၊ စည်းဝေးခန်း၊ စာကြည့်တိုက်၊ စုံညီစုဝေးခန်းနှင့် သင်ကြားရေးဌာနများအပါအဝင် စုစုပေါင်း ၁၀၃ခန်းတို့ဖြင့် ပါဝင်ဖွဲ့စည်းတည်ဆောက်ထားသည်။

အစိုးရနည်းပညာကောလိပ်(ကျိုင်းတုံ) စတင်ဖွင့်လှစ်သည်မှ ယနေ့အထိ B.E ဘွဲ့ ၂၅ဦး၊ B. Tech ဘွဲ့ ၂၉ဦး၊ A.G.T.I ဒီပလိုမာ ၁၂၄ဦး၊ E.G.T.I ဒီပလိုမာ ၃၆ဦး၊ B.T.C ဒီပလိုမာ ၃၅ဦးနှင့် B.S.T.C ဒီပလိုမာ ၅၄ဦး စုစုပေါင်း ၃၀၃ဦးကို မွေးထုတ်ပြီးဖြစ်သည်။ (သတင်းစဉ်)

## ကျောက်ဆည်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူပွဲ

**ရန်ကုန် ဇွန် ၁၇**

ကျောက်ဆည်အသင်း(ရန်ကုန်)၏ စတုတ္ထအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သက်ကြီးပူဇော်ပွဲကို ဇူလိုင် ၁၆ရက်(စနေနေ့) နံနက် ၈နာရီတွင် ရွှေတိဂုံဘုရားလမ်းရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမွှာရုံ၌ ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများအား ဝါဆိုသင်္ကန်းကပ်လှူ၍ အသက် (၇၅)နှစ်နှင့်အထက် ပုဂ္ဂိုလ်များအား ပူဇော်ကန်တော့မည်ဖြစ်သည်။ အသင်းဝင်များ၊ အသင်းမဝင်ရသေးသည့်သူများ တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုပါက ဥက္ကဋ္ဌ ရဲမှူးကြီးခင်မောင်ထွန်း(ငြိမ်း) ၀၉၉၉–၂၆၄၄၃၊ ဒု–ဥက္ကဋ္ဌ ဦးတင်လှိုင် ၆၃၅၂၆၂၊ ဦးမြင့်လွင် ၅၇၃၃၇၂၊ အတွင်းရေးမှူးများ ဦးကျော်မြအောင် ၆၈၀၈၅၁၊ ဦးခင်မောင်မြင့် ၆၆၆၄၇၈၊ ဒေါ်ခင်မျိုးသန့် ၆၆၄၆၂၈၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးလှဝင်း ၅၂၇၀၉၂၊ ဒေါ်အုန်းခင် ၅၃၇၆၂၂ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

# မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍဆိုင်ရာ ဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၁၇

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်(UNDP)နှင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)တို့ ပူးပေါင်းကျင်းပသည့် Briefing on Findings of Agriculture Sector Review in Myanmar ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။**

**တက်ရောက်**

ဖွင့်ပွဲအခမ်းအနားသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်၊ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့နှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး ဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ မြန်မာနိုင်ငံစိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ပညာရှင်အဖွဲ့တို့မှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ကြိုဆိုနှုတ်ခွန်းဆက်**

ဖွင့်ပွဲ အခမ်းအနားတွင် ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ် ဌေးဦးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO) ဌာနေကိုယ်စားလှယ် Mr. Tang Zheng-ping က အမှာစကားပြောကြားသည်။

ယင်းနောက် FAO ဒေသဆိုင်ရာရုံးမှ စီးပွားရေးပညာရှင် Mr. Aidan F. Gulliver က မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍဆိုင်ရာ Agriculture Atlas ကို ဆလိုက်ကားချပ်ဖြင့် ရှင်းလင်းတင်ပြသည်။

**သဘာပတိ**

ဖွင့်ပွဲ အခမ်းအနားအပြီးတွင် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ဆွေးနွေးပွဲသဘာပတိအဖြစ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေး စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွဋ်ဦးက ဆောင်ရွက်ပြီး အမှာစကားပြောကြားသည်။

**ပါဝင်ဆွေးနွေး**

ဆက်လက်၍ ဆွေးနွေးပွဲ အဖွဲ့ခေါင်းဆောင် Mr. Bhaskar Barua၊ FAOဒေသဆိုင်ရာရုံးမှ စီးပွားရေးပညာရှင် Mr. Aidan F. Gulliver နှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်မှ Ms. Akiko Suzaki တို့က လယ်ယာကဏ္ဍနှင့်ဆက်နွှယ်သော မွေးမြူရေးလုပ်ငန်းများအပေါ် သုံးသပ်ချက်များကို အသီးသီးတင်ပြကြရာ ဆွေးနွေးပွဲတက်ရောက်လာကြသူများက ပါဝင်ဆွေးနွေးကြပြီး ဆွေးနွေးပွဲသဘာပတိက နိဂုံးချုပ် ကျေးဇူးတင်စကားပြောကြားပြီး ဆွေးနွေးပွဲကို ညနေ ၄နာရီ ၄၅မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

## မြန်မာဟော်ကီကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဇွန် ၁၇**

မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် ပြည်ပရေးရာတာဝန်ခံ ဦးကျော်နိုင်နှင့်အဖွဲ့ချုပ် ယှဉ်ပြိုင်လေ့ကျင့်ရေးကော်မတီအတွင်းရေးမှူး ဦးကျော်ဌေးသိန်းတို့သည် ဇွန် ၁၅ရက် ညနေပိုင်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့မှ လေကြောင်းခရီးဖြင့်ပြန်လည်ရောက်ရှိလာရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မျိုးမြင့်၊ တွဲဖက်လေ့ကျင့်ရေးမှူး ဦးအောင်သန်းနှင့် အမှုဆောင်များက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက် ကြသည်။

အဆိုပါအဖွဲ့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်ရှိစဉ် အားကစားဝန်ကြီး H.E.Mr. Fazrul Rakman နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အား/ကာသိပ္ပံမှ ညွှန်ကြားရေးမှူးချုပ် Brigadier Mr. Najib Hassan နှင့် တွေ့ဆုံဆွေးနွေးသည်။

မြန်မာလူငယ်အသင်းအား အိန္ဒိယနိုင်ငံမှ နည်းပြတစ်ဦးနှင့် ဘင်္ဂလားဒေ့ရှ်နည်းပြသုံးဦးတို့ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး ၎င်းလူငယ်အသင်းသည် ဩဂုတ်လဆန်းပိုင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကျင်းပမည့် အသက်(၂၀)အောက် Club Champion ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အိန္ဒိယနိုင်ငံမှ နာမည်ကြီးကလပ်အသင်းသုံးသင်း၊ ပါကစ္စတန်နိုင်ငံမှတစ်သင်း၊ သီရိလင်္ကာနိုင်ငံမှ တစ်သင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ သုံးသင်း၊ မြန်မာနိုင်ငံမှ တစ်သင်း၊ ဘင်္ဂလားဒေ့ရှ် အား/ကာသိပ္ပံ လက်ရွေးစင်အသင်း စုစုပေါင်း ၁၀သင်း ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ (ဟော်ကီအဖွဲ့ချုပ်)

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**(၁၇–၆–၂၀၀၅)**

| | | |
|---|---|---|
| ရေး | – | ၄ ဒသမ ၆၉ လက်မ |
| ကော့သောင်း | – | ၃ ဒသမ ၆၉ လက်မ |
| ဂွ | – | ၃ ဒသမ ၁၁ လက်မ |
| မုဒုံ | – | ၃ ဒသမ ၀၃ လက်မ |
| မင်္ဂလာဒုံ | – | ၃ ဒသမ ၀၃ လက်မ |
| ကသာ | – | ၂ ဒသမ ၆၄ လက်မ |

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၁၈–၆–၂၀၀၅ (စနေနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၇း၀၀ | ၁။ မြဝတီအဖွင့် |
| ၇း၀၅ | ၂။ အဖွင့်သီချင်း |
| ၇း၁၀ | ၃။ မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ မြန်မာသံစဉ်ချိုနှာဝင် |
| ၇း၄၀ | ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊အရေး၊ အတီးပြိုင်ပွဲအစီအစဉ် |
| ၇း၅၅ | ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈း၀၀ | ၈။ မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၉။ **ဆရာတော်ဦးဃောသိတ တရားတော် –ဘန္တေကရတ္တသုတ်** |
| ၉း၁၀ | ၁၀။ အပိတ်နှုတ်ဆက်စကား |
| ၉း၁၁ | ၁၁။ ပြီးပါပြီ။ |

**ညပိုင်း**

| | |
|---|---|
| ၄း၀၀ | ၁။ မြဝတီအဖွင့် |
| ၄း၀၅ | ၂။ အဖွင့်သီချင်း |
| ၄း၁၀ | ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ |
| ၄း၃၀ | ၄။ မြန်မာသံစဉ်ချိုနှာဝင် |
| ၄း၄၅ | ၅။ မျိုးချစ်တပ်မတော် |
| ၅း၀၀ | ၆။ **အဝေးသင်တက္ကသိုလ်ပညာရေးပို့ချမှု အစီအစဉ် – 'Operant Conditioning (ပထမနှစ်–စိတ်ပညာ)** |
| ၅း၃၀ | ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော် |
| ၅း၄၀ | ၈။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ |
| ၅း၅၅ | ၉။ သာယာသီကြွေးခေတ်ဆန်းတေး |
| ၆း၀၀ | ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၁။ နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၂။ မိုးလေဝသသတင်း |
| ၆း၂၅ | ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆း၄၀ | ၁၄။ လျှပ်တစ်ပြက်ရိုက်ချက် |
| ၇း၀၀ | ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "လောကစံအတွက် လက်သီးတစ်ချက်" (အပိုင်း–၄)** |
| ၈း၀၀ | ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၈။ ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင် |
| | ၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြိုင်ဟေဝန်က သိုင်းလုလင်" (အပိုင်း–၃၀) (ဇာတ်သိမ်း)** |
| | ၂၀။ သင့်အတွက်မနက်ဖြန် |
| | ၂၁။ အပိတ်နှုတ်ဆက်စကား |
| | ၂၂။ ပြီးပါပြီ။ |



မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ အမှတ်(၃) ရေတွင်းစက်ရုံအတွင်းလုပ်ငန်း ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အမှတ်(၃)ရေတွင်းစက်ရုံ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၇

**မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်း၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ကြည်သိန်းနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၀ ရက် နံနက် ၉ နာရီခွဲတွင် ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အမှတ်(၃) ရေတွင်းစက်ရုံသို့ ရောက်ရှိကြသည်။**

တိုင်းမှူးအား ရေတွင်းစက်ရုံ ရှင်းလင်းဆောင်၌ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ သန့်ရှင်းမှုဌာန ဌာနမှူး ဦးထွန်းကြည်က မန္တလေးမြို့၏ ရေပေးဝေရေးစနစ်များ၊ ရေတွင်းစက်ရုံများမှ ရေဖြန့်ဝေပေးမှု၊ စက်ရေတွင်းများ တိုးချဲ့တူးဖော်မှုနှင့် ရေပိုက်လိုင်းများ တိုးချဲ့ထားမှုတို့အား ရှင်းလင်းတင်ပြရာ တိုင်းမှူးက ရေလုံလောက်စွာ ရရှိရေးအတွက် စက်ရေတွင်းများ တိုးချဲ့တူးဖော်ရာတွင် ရေရှည်စီမံချက်များ ထားရှိဆောင်ရွက်ရန် မှာကြားသည်။

**ဖြည့်ဆည်းမှာကြား**

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် ရေတွင်းစက်ရုံအတွင်း ရေတွင်းစက်များ မောင်းနှင်၍ ရေဖြန့်ဝေမှု၊ ဂါလန်ငါးသိန်းဆံ့ ရေလှောင်ကန်အတွင်း ရေသိုလှောင် ထားရှိမှုနှင့် မီးသတ်ရေငုတ်များ တပ်ဆင်ထားရှိမှုတို့အား ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းမှာကြားခဲ့သည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ အမှတ်(၃) ရေတွင်းစက်ရုံသည် မဟာအောင်မြေ မြို့နယ်တွင် ၅၆ လမ်းနှင့် ၆၂ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်တွင် ၃၂ လမ်းနှင့် သိပ္ပံလမ်းကြား အိမ်ထောင်စု ၄၀၀၀ ခန့်အား တစ်နေ့ ရေဂါလန် ၁ ဒသမ ၅ သန်းခန့်ဖြင့် တိုးချဲ့ရေဖြန့်ဝေပေးသွားမည်ဖြစ်သည်။(သတင်းစဉ်)

လှိုင်သာယာမြို့နယ် နဝဒေးဥယျာဉ်အိမ်ရာ အမှတ်(၆၇/၁၄)နေ ကိုစံအောင်တင့်–မမိုမိုဝင်းမိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ငွေကျပ်သုံးသိန်း လှူဒါန်းရာ ဆေးရုံဒုတိယအုပ်ချုပ်ရေးမှူး ဦးသန်းအောင်လက်ခံယူစဉ်။ (က–ပ)

# အထက(၁)ဖျာပုံ ရာပြည့်ပွဲနှင့် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဇွန် ၁၇**

အထက(၁)ဖျာပုံရာပြည့်ပွဲတော်ကို ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၇ ရက်မှ ၉ ရက်အထိ ကျင်းပမည်ဖြစ်ရာ ရာပြည့် အထိမ်းအမှတ် အဆောက်အအုံ ဖွင့်လှစ်ခြင်း၊ မှတ်တမ်းတင်ပြပွဲများ ပြသခြင်း၊ စာတမ်းဖတ်ပွဲ ဟောပြောပွဲများ ပြုလုပ်ခြင်း အထိမ်းအမှတ် စာစောင် မဂ္ဂဇင်းများ ထုတ်ဝေခြင်း၊ ဖျော်ဖြေရေး အစီအစဉ်များ တင်ဆက်ခြင်းအပြင် (၁၄)ကြိမ်မြောက်မြတ်ဆရာပူဇော်ပွဲကိုလည်း တစ်ပါတည်း ပူးတွဲကျင်းပမည်ဖြစ်သည်။

ရန်ကုန်ရောက် ကျောင်းသားဟောင်းများအနေဖြင့် ရာပြည့်ပွဲတော်၌ ပါဝင်ဆင်နွှဲနိုင်ရန် ညှိနှိုင်းရေး အစည်းအဝေးကို ဇူလိုင် ၃ ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ဖျာပုံမြို့နယ် အသင်းတိုက် အမှတ်(၃၀) ဘိုကလေးဈေးလမ်း ဗိုလ်တထောင်မြို့နယ်၌ ကျင်းပမည်ဖြစ်ရာ တက်ရောက်ကြရန်နှင့် စတင်ဆောက်လုပ်နေပြီဖြစ်သည့် ရာပြည့်ခန်းမအတွက် လှူဒါန်းလိုသူများသည် ဘဏ္ဍာရေးကော်မတီဝင် ဦးခင်ဦး ဖုန်း–၅၁၄၈၇၉၊ ဦးမြင့်ဦး ဖုန်း–၂၂၅၆၇၈နှင့် ဖျာပုံမြို့နယ်အသင်း ဖုန်း–၂၉၁၀၈၃ တို့သို့ ကြိုတင်ဆက်သွယ်လှူဒါန်းနိုင်သည်။ (က–ပ)

# ကလေးကျန်းမာပညာ ဉာဏ်သစ်လောင်း သင်တန်းကျင်းပမည်

**ရန်ကုန် ဇွန် ၁၇**

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ကလေးကျန်းမာပညာအဖွဲ့)က ကြီးမှူး၍ ၂၀၀၅ ခုနှစ်အတွက် ဉာဏ်သစ်လောင်းသင်တန်းကို ဇွန် ၂၅ ရက် (စနေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန် ကလေးဆေးရုံကြီး စာသင်ဆောင်သစ်၌ ကျင်းပမည်ဖြစ်သည်။

ယင်းသင်တန်းတွင် မန္တလေး ကလေးဆေးရုံကြီးမှ ပါမောက္ခ ဦးဖေသက်ခင်က "Bleeding in Childhood Cancer Patients"၊ ကလေးခွဲစိတ် အထူးကု ဆရာဝန် ဒေါက်တာ ညိုညိုဝင်းက "Surgical Emergencies in Neonate"၊ တပ်မတော်ဆေးတက္ကသိုလ်မှ ပါမောက္ခ ဒုတိယ ဗိုလ်မှူးကြီး ဒေါ်ကေသီထွန်းက " Management of Comatosed Child"၊ ကလေးနှလုံးအထူးကု ဆရာဝန် ဒေါက်တာ ခင်မောင်ဦးက "Management of Tachyarrhymias in Children" ခေါင်းစဉ် အသီးသီးဖြင့် ဆွေးနွေးတင်ပြကြမည်ဖြစ်သည်။

**မှတ်ပုံတင်နိုင်**

စိတ်ပါဝင်စားသော ဆရာဝန် များ၊ ဆေးကျောင်းသား ကျောင်းသူ များနှင့် အခြားကျန်းမာရေး ဝန်ထမ်းများ တက်ရောက်နိုင်ပြီး မှတ်ပုံတင်ခြင်းကို သုံးရက်ကြိုတင်၍ ရုံးချိန်အတွင်း ကလေးဆေးရုံကြီး၌ လည်းကောင်း၊ ယင်းနေ့ နံနက် ၈ နာရီခွဲမှ ၉ နာရီအထိ ဟောပြောမည့် နေရာ၌လည်းကောင်း ပြုလုပ်နိုင်သည်။

(သတင်းစဉ်)



**ရန်ကုန်တိုင်း မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ၂၀၀၅–၂၀၀၆ ပညာသင်နှစ် ပညာသင်စရိတ် ထောက်ပံ့ကြေးပေးအပ်ပွဲကို ဇွန် ၁၁ ရက်က ခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြောက်ပိုင်း ခရိုင်ရဲတပ်ဖွဲ့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်သန်းသန်းလှဲ့ ထောက်ပံ့ကြေးငွေကျပ် ၁၅၂၃၅၀၀ ကို မြို့နယ်များကိုယ်စား အင်းစိန် မြို့နယ် ရဲတပ်ဖွဲ့ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းခွဲ ဥက္ကဋ္ဌ ဒေါ်ဖြူပြာဝင်းသို့ ပေးအပ်စဉ်။** (က–ပ)

# ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူအား ကိုယ်စားလှယ်အဖွဲ့များတွေ့ဆုံ

**ရန်ကုန် ဇွန် ၁၇**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးပြည်နယ်မှ Vice Chairman of Guangxi Committee of Chinese Political Consultative Conference Mr. Jiang Xinghe ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

အလားတူ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူအား Victoria Entertainment Resort Club Ltd. ၏ ဥက္ကဋ္ဌ Mr. Poh Teong Keng နှင့် အဖွဲ့သည် ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲတွင် ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ဟိုတယ်နှင့်ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

# ကုန်သည်/ စက်မှုအသင်းချုပ်နှင့် အသင်းဝင်လုပ်ငန်းရှင်များ နိုင်ငံတကာကုန်စည်ပြပွဲများ သွားရောက်ပြသမည်

**ရန်ကုန် ဇွန် ၁၇**

ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ အသင်းဝင်များနှင့် အသင်းဝင် လုပ်ငန်းရှင်များသည် နိုင်ငံတကာ ကုန်စည်ပြပွဲများသို့ သွားရောက်ခင်းကျင်း ပြသကြမည်ဖြစ်သည်။

**ကုန်စည်ပြပွဲများ**

ပြသမည့် နိုင်ငံတကာ ကုန်စည်ပြပွဲများမှာ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ဇူလိုင် ၁၉ ရက်မှ ၂၁ ရက်အထိ ကျင်းပမည့် 35th India International Garment Fair၊ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ဩဂုတ် ၄ ရက်မှ ၇ ရက်အထိ ကျင်းပမည့် International Trade And Industry Expo 2005၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့ Guangxi ပြည်နယ်၌ အောက်တိုဘာ ၁၈ ရက်မှ ၂၂ ရက်အထိ ကျင်းပမည့် China-ASEAN EXPO-2005၊ စင်ကာပူနိုင်ငံ၌ အောက်တိုဘာ ၂၀ ရက်မှ ၂၃ ရက်အထိ ကျင်းပမည့် Singapore International Jewellery Show 2005၊ တောင်အာဖရိကသမ္မတနိုင်ငံ ဂျိုဟန်နက်စဘတ်မြို့၌ နိုဝင်ဘာ ၁၀ ရက်မှ ၁၃ ရက်အထိ ကျင်းပမည့် Association of South East Asia Naitons Trade, Tourism, Culture Exhibition (ASEAN TEX 2005)၊ ဂျပန်နိုင်ငံ တိုကျိုမြို့၌ နိုဝင်ဘာ ၂၂ ရက်မှ ၂၅ ရက်အထိ ကျင်းပမည့် International Furniture Fair၊ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ နိုဝင်ဘာ ၂၅ ရက်မှ ၂၈ ရက်အထိ ကျင်းပမည့် ASEAN-CHINA Agriculture Show 2005၊ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ဒီဇင်ဘာ ၈ ရက်မှ ၁၁ ရက်အထိ ကျင်းပမည့် Indonesia AGROTECH EXPO-2005 ပြပွဲတို့ဖြစ်သည်။

**ဆက်သွယ်နိုင်**

အဆိုပါ ပြပွဲများသို့ သွားရောက်ခင်းကျင်း ပြသလိုသော မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များသည် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အမှတ်(၅၀၄–၅၀၆) ကုန်သည်လမ်း ကျောက်တံတားမြို့နယ် ဖုန်း–၃၈၁၂၈၄၊ ၃၈၁၂၈၅ နှင့် ၂၄၆၄၉၅ တို့သို့ ဆက်သွယ်နိုင်သည်။ (သတင်းစဉ်)

# အစည်းအဝေးတက်ရောက်ရန် ထိုင်းနိုင်ငံ ထွက်ခွာ

**ရန်ကုန် ဇွန် ၁၇**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဇွန် ၁၅ ရက်မှ ၁၉ ရက်အထိ ကျင်းပမည့် Thai-Myanmar Business Joint Meeting in Bangkok သို့ တက်ရောက်ရန် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင်၊ တွဲဖက် အတွင်းရေးမှူး(၂) ဦးထွန်းအောင်၊ ဗဟိုအလုပ်အမှုဆောင် ဦးမြတ်သင်းအောင်နှင့် ဦးလှရှိန်တို့သည် ဇွန် ၁၆ ရက် နံနက်တွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ အသင်းချုပ် အထွေထွေ အတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်၊ ဗဟိုအလုပ်အမှုဆောင်များနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

# စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၁၆

**စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် ဇွန် ၁၀ ရက် နံနက်ပိုင်းက မုံရွာမြို့ မြို့တော်ခန်းမတွင်ကျင်းပသည့် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။**

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများက မြို့နယ်အလိုက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ခရိုင်ဥက္ကဋ္ဌများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

**ညှိနှိုင်းဖြည့်ဆည်းပေး**

ထို့နောက် တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

## ထောက်ပံ့ငွေနှင့် စာရေးကိရိယာပေးအပ်

**မန္တလေး ဇွန် ၁၀**

မန္တလေးတိုင်း မီးသတ်ဦးစီးဌာန ဝန်ထမ်းသားသမီးများအား ၂၀၀၅-၂၀၀၆ ပညာသင်နှစ်အတွက် ထောက်ပံ့ငွေနှင့် စာရေးကိရိယာ ပေးအပ်ပွဲကို မေ ၂၆ ရက် နံနက် ၉ နာရီက တိုင်းမီးသတ်ရုံး အစည်းအဝေး ခန်းမတွင် ပြုလုပ်ရာ ဒုတိယညွှန်ကြားရေးမှူး ရဲကျော်သူ ရဲသူရသန်းကျော်ကျော် တက်ရောက် အမှာစကား ပြောကြားပြီး ထောက်ပံ့ငွေနှင့် စာရေးကိရိယာ ပေးအပ်သည်။

**ထောက်ပံ့**

ထို့နောက် ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးမြသန်းက တက္ကသိုလ်ကျောင်းသားတစ်ဦးကို ကျပ် ၅၀၀၀၊ အထက်တန်းကျောင်းသားတစ်ဦးကို ကျပ် ၄၀၀၀ နှင့် အလယ်တန်း ကျောင်းသား တစ်ဦးကိုကျပ် ၃၅၀၀၊ မူလတန်းကျောင်းသားတစ်ဦးကို ငွေကျပ် ၂၅၀၀ နှင့် ဗလာစာအုပ်နှစ်ဒါဇင်၊ ခဲတံနှစ်ချောင်းစီနှင့် ကျောင်းစိမ်းဝတ်စုံများ၊ ဘောလ်ပင်များ၊ စာအုပ်များကို ပေးအပ်သည်။ (၃၈၇)

**ဝိုင်းမော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ မြို့စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပရေးအတွက် ဝိုင်းမော်မြို့၊ ဗလမင်းထင်တံတားထိပ်တောင်ကုန်းအား အဖွဲ့ဝန်ထမ်းများက မြေခင်းအလှပြုပြင်ခြင်း၊ ပန်းအလှပင်စိုက်ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းကို အမှုဆောင်အရာရှိ ဦးတင်ဌေးနှင့် တာဝန်ခံအင်ဂျင်နီယာဦးမျိုးဝင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)

**ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် ရဲတပ်ဖွဲ့ ၂၀၀၅-၂၀၀၆ ခုနှစ်အတွက် တပ်ဖွဲ့ဝင် သားသမီးများအား ပညာသင်ထောက်ပံ့ငွေ ပေးအပ်ပွဲကို မေ ၃၁ ရက်က ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြည်ဝင်းက တပ်ဖွဲ့ဝင် သားသမီး ၂၀ တို့အား ထောက်ပံ့ငွေနှင့် စာရေးကိရိယာများ ပေးအပ်စဉ်။**

(မြို့နယ်ပြန်/ဆက်)

## ဖားကန့်မြို့ ရေစီးရေလာ ကောင်းမွန်ရေးဆောင်ရွက်

**ဖားကန့် ဇွန် ၁၀**

ဖားကန့်မြို့ သန့်ရှင်းသပ်ရပ်စေရေးနှင့် ရေစီးရေလာ ကောင်းမွန်ရေးအတွက် ဖားကန့်-ဆိပ်မူလမ်းပေါ်ရှိ မရှိကထောင်ရပ်ကွက် လမ်းတစ်လျှောက်ရှိ ရေမြောင်းများ ဆယ်ယူခြင်းလုပ်ငန်းကို ဇွန် ၁၀ ရက်က ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးနေမျိုးနိုင် ဦးဆောင်၍ ဝန်ထမ်းများက ဆောင်ရွက်ကြရာ အမှုဆောင် အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းဟန်က အနီးကပ်ကြီးကြပ်ဆောင်ရွက်သည်။

(မြို့နယ်စည်ပင်)

## ကျေးရွာ ကိုယ့်အားကိုယ်ကိုး ပရမလင်းရောင်ခြည် စာကြည့်တိုက်ဖွင့်

**မြင်းမူ ဇွန် ၄**

စစ်ကိုင်းတိုင်း စစ်ကိုင်းခရိုင် မြင်းမူမြို့နယ် ညောင်ရင်းရွာ ကိုယ့်အားကိုယ်ကိုး ပရမလင်းရောင်ခြည် စာကြည့်တိုက် ဖွင့်ပွဲကို ကျေးရွာကျောင်းသစ်တိုက်ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပရာ မြင်းမူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးညိုအုန်းနှင့် ဝန်ထမ်းများ၊ ညောင်ရင်းကျေးရွာ ဥက္ကဋ္ဌ ဦးထူးနှင့် အဖွဲ့ဝင်များ၊ ကျေးရွာစာကြည့်တိုက် ကြီးကြပ်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးသန်းဇော်နှင့် ကော်မတီဝင်များ စာပေဝါသနာရှင်များ တက်ရောက်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ရှေးဦးစွာ ညောင်ရင်းကျေးရွာ (ရွာပိုလေး) ကိုယ့်အားကိုယ်ကိုး ပရမလင်းရောင်ခြည် စာကြည့်တိုက်ကို မြို့နယ်ဦးစီးမှူး ဦးညိုအုန်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးထူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**ပေးအပ်**

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်/သံကျွမ်းကျင်-၃ ဒေါ်ခင်မာအေးက စာအုပ်၊ စာစောင်၊ ဂျာနယ်အုပ်ရေ ၄၅၀ ပေးအပ်လှူဒါန်းသည်။

(မြို့နယ်ပြန်/ဆက်)

## ကျောင်းနေအရွယ်ကလေးများအား ကျောင်းသုံးစာအုပ်နှင့် ဝတ်စုံများ ထောက်ပံ့

**ပြင်ဦးလွင် ဇွန် ၈**

ပြင်ဦးလွင်မြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ခင်မာကြည် ဦးဆောင်သည့် အဖွဲ့သည် ဇွန် ၅ ရက်က ပြင်ဦးလွင်မြို့နယ် ဒုဋ္ဌဝတီမြစ်ရိုးလေးရွာသို့ သွားရောက်ပြီး ကျောင်းနေအရွယ် ကလေးငယ်များအား ကျောင်းသုံးစာအုပ်များ ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်ကြသည်။

**ပေးအပ်**

ထို့နောက် ကျောင်းသုံးစာအုပ်များ ပေးအပ်ပွဲကျင်းပရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်မာကြည်က ဝါးနက်-ငှက်ကြီးသိုက်-မကျီးအင်း ဝွေးပင် ကျေးရွာရှိ ကျောင်းနေအရွယ် ကလေး ၁၀၀ ဦးတို့အား ဗလာစာအုပ် ဒါဇင် ၅၀၊ ကျောင်းဝတ်စုံ ကိုးစုံနှင့် ငွေကျပ် ၄၃၅၀၀တို့အား ထောက်ပံ့ပေးအပ်ခဲ့သည်။ (၄၂၁)

## မြို့နယ် သတင်းများ

## ကျေးလက် တစ်ခွင် ဖွံ့ဖြိုး စည်ပင်

## ခင်ဦးမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ ကျင်းပ

**ခင်ဦး ဇွန် ၇**

ခင်ဦးမြို့နယ် ပညာရေးဌာနက ကြီးမှူး၍ မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ခင်ဦးမြို့ အထက သီရိရတနာခန်းမ၌ မေ ၂၆ ရက် နံနက် ၉ နာရီက ကျင်းပရာ ဌာနဆိုင်ရာ အကြီးအကဲများ၊ မိဘပြည်သူများ၊ လူမှုရေးအသင်း အဖွဲ့အစည်းဝင်များ တက်ရောက်ကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးနိုင်ဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

**ရှင်းလင်း**

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဒေါ်မိုးသန်းက ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေး၊ ကျောင်းနေမြဲရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဦးဘကျွမ်က လူတိုင်းအကျုံးဝင် ပညာရေးတို့ကို ရှင်းလင်းပြောကြားသည်။

**လှူဒါန်း**

ဆက်လက်၍ စေတနာရှင် အလှူရှင်များက ငွေကျပ် နှစ်သိန်းသုံးသောင်း လှူဒါန်းကြသည်။ (မြို့နယ်ပြန်/ဆက်)

**ပေးအပ်**

**ဧရာဝတီတိုင်း မြောင်းမြခရိုင် ကုန်းကြီးကျေးရွာအုပ်စု ကွင်းယားကျေးရွာမှ နိုင်ငံသား အရည်အချင်းပြည့်မီသူများအား မေ ၂၉ ရက်က မြို့နယ်ဦးစီးဌာနမှူး ဦးတင်ထွန်း နိုင်ငံသား စိစစ်ရေး ကတ်ပြားများ ပေးအပ်စဉ်။**

(၁၇၆)

## ပြည်နယ်၊ ခရိုင်၊ မြို့နယ်အမှုဆောင်များ လုပ်ငန်းညှိနှိုင်း

**မော်လမြိုင် ဇွန် ၁၃**

မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပြည်နယ်အလုပ်အမှုဆောင်နှင့် မော်လမြိုင်ခရိုင်၊ သထုံခရိုင် အသင်းအမှုဆောင်များ ညှိနှိုင်းဆွေးနွေးပွဲကို ဇွန် ၁၀ ရက်က မော်လမြိုင်မြို့ မွန်ပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အစည်းအဝေးခန်းမတွင် ကျင်းပသည်။

**ညှိနှိုင်းဆွေးနွေး**

လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲတွင် မွန်ပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်စိုးမိုးနိုင်က အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ မော်လမြိုင်ခရိုင်၊ သထုံခရိုင်၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များက မြို့နယ်တွင် ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းစဉ်များနှင့် ဆောင်ရွက်ဆဲလုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေး တင်ပြကြသည်။ ဆွေးနွေးချက်များအပေါ် ပြည်နယ်အသင်း အလုပ်အမှုဆောင်များက ဖြည့်စွက်အကြံပြု ဆွေးနွေးကြသည်။ (၃၀၇)



**လှိုင် ကော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရွှေတောင် ရပ်ကွက်အတွင်းရှိ ရွှေတောင်လမ်း ကတ္တရာလမ်း ပေါက်ဖာခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို မေ ၂၇ ရက်က တာဝန်ခံ အင်ဂျင်နီယာ ဦးမောင်မောင်ထွန်းကွင်းဆင်း ကြီးကြပ်ဆောင်ရွက်စဉ်။**

(နယ်စပ်စည်ပင်)

# လွဲမှားသည့် တစ်ယူသန်လူမျိုးရေးစိတ်ဓာတ် သွတ်သွင်းလှုံ့ဆော်နေသည့် ကိုလိုနီနယ်ချဲ့လက်သစ် အဆွယ်အပွားများ၏ သွေးခွဲသပ်လျှိုမှုကို သိမြင် ညီညွတ်မှုတစ္စာ လက်တွဲပေါင်းစည်းနေထိုင်လာသည့် သမိုင်းအစဉ်အလာကို မြှင့်တင်

ဇွန် ၁၆ရက်က မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ ဒေသခံ တိုင်းရင်းသားများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ အစိုးရနည်းပညာကောလိပ်(ကျိုင်းတုံ) ပင်မအဆောက်အအုံသစ် ဖွင့်ပွဲအပြီး စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်း–ရှေ့ဖုံး) (သတင်းစဉ်)

## ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ကြံခင်း ဘိလပ်မြေစက်ရုံနှင့် ဝေနံတံတား(မြို့ကွင်း) တည်ဆောက်ရေးစီမံကိန်းတို့ကို ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၇

ဧရာဝတီတိုင်း ကြံခင်းမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် အဖွဲ့ဝင်များ လိုက်ပါလျက် ဇွန် ၁၆ ရက် နံနက် ၇ နာရီခွဲတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ကြံခင်းဘိလပ်မြေစက်ရုံသို့ ရောက်ရှိရာ စက်ရုံမှူး ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကုန်ကြမ်းကြိတ်ခွဲစက်၊ ကုန်ချောကြိတ်ခွဲစက်များ လည်ပတ်ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ စက်ပစ္စည်းအစိတ်အပိုင်းများကိုလည်းကောင်း၊ မီးသင်းဖိုများလည်ပတ်နေမှုနှင့်

**စာမျက်နှာ ၅ ကော်လံ ၁ သို့** ❐



### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ကြံခင်းဘိလပ်မြေစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)